# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၈၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၄)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား (၇၄)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် စစ်ရေယာဉ်များ ချီတက်အလေးပြုကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော တပ်မတော်(ရေ)သည် ယနေ့တွင် (၇၄)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယနေ့ (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားအား ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐




မြန်မာ့အလင်း

# အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံ၏ ဂုဏ်သိက္ခာ

ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် အင်အားကြီးနိုင်ငံက အခြားနိုင်ငံများကို ဝင်ရောက်သိမ်းပိုက်ကာ အင်ပါယာများထူထောင်ခဲ့ကြသည်။ အင်ပါယာပြည့်ရှင်နိုင်ငံက လက်အောက်ခံနိုင်ငံများထံမှ သယံဇာတ၊ စီးပွားရေးအကျိုးအမြတ်နှင့် ကြွယ်ဝချမ်းသာမှုတို့ကိုပါ ရယူခံစားကြပြီး ၎င်းတို့၏ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုတို့ကို လက်အောက်ခံနိုင်ငံများသို့ ဖြန့်ချိခဲ့ကြသည်။ လွတ်လပ်ရေးမပေးမဖြစ် ပေးရတော့မည့်အချိန်တွင်မူ လူမျိုးရေး၊ ဘာသာရေးတို့ကို အကြောင်းပြကာ နိုင်ငံနယ်နိမိတ်များကို ပြင်ဆင်ခြင်း၊ ခွဲစိတ်ခြင်းအပါအဝင် နည်းအမျိုးမျိုးဖြင့် အင်အားချည့်နဲ့အောင် ပြုလုပ်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံရေးတွင် နိုင်ငံတိုင်းက အမျိုးသားအကျိုးစီးပွားကိုသာ ဦးတည်ဖော်ဆောင်နေကြခြင်းဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးတွင် ပြည်တွင်းအင်အားတောင့်တင်းနေပါမှ အရာဝင်သည်။ ပြည်တွင်းအင်အားဟုဆိုရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး အင်အားသုံးရပ် ခိုင်မာတောင့်တင်းနေဖို့လိုသည်။ စည်းလုံးညီညွတ်မှုပြိုကွဲကာ သူတစ်လူ ငါတစ်မင်းဖြစ်နေသည့် နိုင်ငံ၊ မျိုးချစ်စိတ်ကင်းမဲ့နေသည့် နိုင်ငံ၊ စီးပွားရေးချွတ်ခြုံကျကာ ဆင်းရဲမွဲတေနေသည့်နိုင်ငံ၊ ကာကွယ်ရေးအင်အားချည့်နဲ့နေသည့် နိုင်ငံမျိုးသည် ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အရေးမပါ၊ အရာမဝင်။ အခြားနိုင်ငံများ၏ ခြယ်လှယ်မှု၊ စွက်ဖက်မှု၊ ဗိုလ်ကျစိုးမိုးမှုတို့ကို အင်အားချည့်နဲ့နေသည့် နိုင်ငံများက ခံကြရသည်။ အင်အားကြီးနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားပြိုင်ဆိုင်မှုတွင် ပထဝီနိုင်ငံရေးအရ အရေးပါသော မဟာဗျူဟာ အချက်အချာကျသည့် နိုင်ငံများမှာ အစိတ်စိတ်အမြွာမြွာပြိုကွဲအောင် ဖြိုခွဲခံရမည့်အန္တရာယ် လွန်စွာကြီးမားသည်။

မိမိတို့နိုင်ငံသည် အာရှ၏ အင်အားကြီးနိုင်ငံကြီး နှစ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့်အပြင် အင်ဒို - ပစိဖိတ်ရပ်ဝန်းတွင် အချက်အချာကျနေခြင်း၊ လူဦးရေပေါက်ကွဲမှုကြောင့် နယ်မြေလိုအပ်နေသည့် နိုင်ငံမျိုးနှင့် နယ်နိမိတ်ထိစပ်နေခြင်း စသည်တို့က နိုင်ငံ၏ကံကြမ္မာကို ဖန်တီးနေသည့် အချက်များပင်ဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုက လွန်စွာအရေးပါသည်။ တစ်နည်းအားဖြင့် စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ၏အသက်ပင်ဖြစ်ပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတစ်ခု၏ ဂုဏ်သိက္ခာလည်းဖြစ်သည်။ ယနေ့ မိမိတို့နိုင်ငံအတွင်း နိုင်ငံရေးအာဏာကို အကြောင်းပြု၍ ဖြစ်ပေါ်နေသည့် ဖြစ်စဉ်များက နိုင်ငံကို ကျရှုံးနေသည့် နိုင်ငံဘဝသို့ မရောက်ရောက်အောင် တွန်းပို့နေခြင်းဖြစ်သည်။ နိုင်ငံတကာမှ ဝင်ရောက်စွက်ဖက်ရန် ဆင်ခြင်တုံတရားကင်းမဲ့စွာ ဖိတ်ခေါ်နေကြပြီး စကြာဝတေးမင်းမျှော်သလို မျှော်နေကြသည်ကိုလည်း တွေ့ရသည်။

ဒီမိုကရေစီအကြောင်းပြု၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကြောင့် ကောင်းသွားသည့် နိုင်ငံဟူ၍မရှိဘဲ ထောင်းထောင်းကြေကာ ပြာကျသွားသည့်နိုင်ငံ၊ နိုင်ငံပြင်ပသို့ ထွက်ပြေး၊ နိုင်ငံအတွင်းမှာပင် ပတ်ပြေးနှင့် ဒုက္ခသံသရာရှည်နေသည့် နိုင်ငံများကိုသာ မျက်မှောက်ခေတ် ကမ္ဘာ့မြင်ကွင်းမှာ တွေ့မြင်ရမည်ဖြစ်သည်။ စွက်ဖက်လိုသည့် နိုင်ငံအတွင်း စစ်မီးမွေးရန်အတွက်သာ ဒေါ်လာသန်းပေါင်း ထောင်နှင့်ချီ၍ အကုန်အကျခံကြမည်ဖြစ်ပြီး ထိုနိုင်ငံ၏ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြူးတစ်ပြားမျှပင် မကျသည်တို့ကိုလည်း ပြည်ပမျှော်သူတို့ လေ့လာကြဖို့လိုသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ (၇၄) နှစ်ပြည့်မြောက်ရန် ရက်ပိုင်းမျှသာ လိုတော့သည်။ နိုင်ငံ၏ လွတ်လပ်ရေးဟူသည် ထာဝစဉ်တည်တံ့ရမည့်အရာဖြစ်ပြီး မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပခုံးပြောင်းထမ်းရွက်ကြရခြင်းလည်းဖြစ်သည်။ ကမ္ဘာ့မြေပုံပေါ်မှ မြန်မာနိုင်ငံ ပျောက်ကွယ်မသွားရေး၊ ၁၃၅ မျိုးသော တိုင်းရင်းသားအပေါင်းတို့ တစ်ပါးသူလက်အောက်ခံ နိုင်ငံသားဘဝ မကျရောက်စေရေးတို့အတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းကြရပါမည်ဖြစ်ကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းတာဝန်များ ညှိနှိုင်းဆောင်ရွက်

**စစ်တွေ ဒီဇင်ဘာ ၂၄**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက လွတ်လပ်ရေးနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန်ချက် စည်းကမ်းများနှင့်အညီ အခမ်းအနား တစ်ခုချင်းစီအလိုက် ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက် SOP များကို လိုက်နာဆောင်ရွက်ကြရန်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီကလည်း လမ်းညွှန်ထားသည့်အတွက် ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ညွှန်ကြားချက်နှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို လုပ်ငန်းကော်မတီအလိုက် ညှိနှိုင်းပေါင်းစပ်၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူးက ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားမှုနှင့် ယခင်နှစ်အခမ်းအနားများတွင် ဆောင်ရွက်ခဲ့သော ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေမှုနှင့် ယခင်နှစ်ဆောင်ရွက်ခဲ့သော အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**



(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းတွင်း အားကစားပြိုင်ပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဒီဇင်ဘာ ၂၄ ရက် က ကျင်းပရာ ထုပ်ဆီးတိုးပြိုင်ပွဲ ကစားနေမှုကို တွေ့ရစဉ်။

စိုင်း(သီပေါ)

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက်၊ လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၂ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၂ ရက်နေ့ ၀၄၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ညီညွတ်ရေးဆိုတာ



ညီညွတ်ရေးဆိုတာဘာလဲ နားလည်ဖို့လိုတယ်။ ဒီတော့ကာ ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ ညီညွတ်ရေးဆိုတာ ဘာအတွက် ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နှင့် ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက်ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ညီညွတ်ရမှာလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့ တိုင်းသူပြည်သားတွေကို နှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့ကာ ကျွန်တော်လိုချင်တဲ့ ညီညွတ်ရေးက တစ်တိုင်းတစ်ပြည်လုံး၊ လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့ အလုပ် ဒါတွေကိုရအောင်၊ အဲဒီလိုတူညီတဲ့အကျိုး တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းခဲ့သည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်)၏ အမည်ကမ္ပည်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❒ *ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

### လွှဲပြောင်းပေးအပ်

အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ် (ရေ) က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း(၈)ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

### လှည့်လည်ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်)၏ အမည်ကမ္ပည်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)အား လှည့်လည်ကြည့်ရှုလေ့လာကာ စစ်ရေယာဉ်မှူးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အဖွဲ့ဝင်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သည့် ရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲကျော်ထင်)အပါအဝင် ကမ်းလွန်ရေယာဉ်တစ်စင်း၊ မြစ်တွင်းသွားကင်းလှည့်ရေယာဉ် နှစ်စင်းနှင့် မြစ်တွင်းအမြန်သွားကင်းလှည့်ရေယာဉ် နှစ်စင်းတို့အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**“ရေယာဉ်များ တည်ဆောက်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရေတပ်သင်္ဘောကျင်းများအား အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့၊ အဆိုပါ ရေတပ်သင်္ဘောကျင်းများမှ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ စစ်ရေယာဉ် ၈၈ စင်းကို တပ်တော်ဝင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယနေ့ တပ်တော်ဝင်သည့် စစ်ရေယာဉ်များနှင့်ဆိုပါက ၉၄ စင်းကို တပ်တော်ဝင်နိုင်ခဲ့၊ ဆက်လက်၍လည်း တည်ဆောက်လျက်ရှိ၊ ထိုသို့တည်ဆောက်ခဲ့ရာတွင်လည်း စစ်ရေယာဉ်များ တည်ဆောက်မှုအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့”**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏

*စာမျက်နှာ ၄ သို့*





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၄)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။**

*စာမျက်နှာ ၃ မှ*

အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ် (ရန်တိုင်းအောင်) နှင့် စစ်ရေယာဉ် (ရန်ကြီးအောင်) တို့မှ အမြောက်(၂၁)ချက်ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား **ဖရီဂိတ် စစ်ရေယာဉ် (အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ်(တပင်ရွှေထီး)**နှင့် အမြန်သွားတိုက်ခိုက်ရေးရေယာဉ်များက Single Line Formation ပုံစံဖြင့်လည်းကောင်း၊ အမြန်သွားကင်းလှည့်ရေယာဉ်များမှ Diamond Formation ပုံပြု ပုံစံများဖြင့် အသီးသီးပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များတည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် တပ်မတော်(ရေ)၏ (၇၄)နှစ်မြောက် အခမ်းအနားဖြစ်သကဲ့သို့ တပ်မတော် (ရေ)အတွက် ဒုတိယမြောက်ရေငုပ်သင်္ဘောအပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားဖြစ်ပြီး တပ်မတော်အတွက် ထူးခြားလေးနက်သည့် စွမ်းရည်တစ်ရပ်ကို ထပ်မံဖြည့်တင်းပေးသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ရေငုပ်သင်္ဘောစစ်ရေယာဉ်နှင့်အတူ တပ်မတော်(ရေ) မှ ကိုယ်တိုင်တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်များဖြစ်သည့် ကမ်းလွန်ရေယာဉ်တစ်စင်း၊ မြစ်တွင်းသွားကင်းလှည့်ရေယာဉ် နှစ်စင်းနှင့် မြစ်တွင်း အမြန်သွားကင်းလှည့်ရေယာဉ် နှစ်စင်းတို့ကိုလည်း တပ်တော်ဝင်နိုင်ခဲ့ကြောင်း။

### အဆင့်မြှင့်တင် တည်ဆောက်

နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ အဆင့်မြှင့်တင် တည်ဆောက်ရာတွင် တပ်မတော်(ရေ)ကို ပထမအဆင့် အနေဖြင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ် မျှော်မှန်းပြီး တည်ဆောက်ပေးရာတွင် ရေငုပ်သင်္ဘောတပ်ဖွဲ့ တည်ဆောက်ပေးနိုင်ရန်၊ စစ်ရေယာဉ်များ တည်ဆောက်ဖြည့်တင်းနိုင်ရန်၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လိုက်လျောညီထွေ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း အဆင့်ပေါင်းများစွာ၊ ကဏ္ဍပေါင်းများစွာအတွက် စဉ်းစား၍ ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

### အရည်အသွေးများ ပိုမိုတိုးတက်

ရေငုပ်သင်္ဘောတပ်ဖွဲ့တည်ဆောက်ရေးအတွက် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လက်ထက်ကတည်းက လူသားအရင်းအမြစ်များကို ကြိုတင်ပြင်ဆင်မှုအနေဖြင့် လေ့ကျင့်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရေငုပ်သင်္ဘောတပ်ဖွဲ့ လက်တွေ့တည်ဆောက်ရာတွင် အသင့်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ရေယာဉ်များ တည်ဆောက်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရေတပ်သင်္ဘောကျင်းများအား အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ရေတပ်သင်္ဘောကျင်းများမှ ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စစ်ရေယာဉ် ၈၈ စင်းကို တပ်တော်ဝင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယနေ့ တပ်တော်ဝင်သည့် စစ်ရေယာဉ်များနှင့်ဆိုပါက ၉၄ စင်းကို တပ်တော်ဝင်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့တည်ဆောက်ခဲ့ရာတွင်လည်း စစ်ရေယာဉ်များ တည်ဆောက်မှုအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ကြောင်း။

ထို့အတူ စွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင်စစ်ရေယာဉ်များဖြစ်စေရေး စစ်ရေယာဉ်တစ်စင်းချင်းစီ၏ စွမ်းဆောင်နိုင်မှု(Capability)များ တိုးတက်ကောင်းမွန်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့စစ်ရေယာဉ်များအနေဖြင့် တစ်စင်းချင်းတိုက်ပွဲဝင်ရာတွင် Capability ပိုကောင်းသည့် တိုက်ပွဲဝင်စစ်ရေယာဉ်များ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

လူသားအရင်းအမြစ်များ မွေးထုတ်ပေးမှုနှင့်ပတ်သက်၍ တပ်မတော်(ရေ) အတွက် Deck officer များ Deck Crew များ၊ သင်္ဘောအင်ဂျင်ခန်းတွင် တာဝန်ထမ်းဆောင်မည့်သူများကို လေ့ကျင့်မွေးမြူပေးလျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း သင်္ဘောတည်ဆောက်ရေးနှင့်ပတ်သက်ပြီးလည်း ဒီဇိုင်းနှင့်ပတ်သက်သည့် Navy Architect နှင့်ပတ်သက်သည်များ၊ Ship Construction နှင့်ပတ်သက်သည့် လူသားအရင်းအမြစ်များအတွက် ပညာတော်သင်များ ပြည်ပနိုင်ငံများသို့ စေလွှတ်ခြင်းနှင့် လက်တွေ့လေ့ကျင့်ပေးခြင်းများဆောင်ရွက်ပေး၍ အရည်အသွေးများတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့လူသားအရင်းအမြစ်တည်ဆောက်ရေးသည် တပ်ဖွဲ့တစ်ခုတည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များကို ကြိုတင်တည်ဆောက်ထားခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ချိန်တွင် မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း။

### ခေတ်မီရေတပ်မတော်ဖြစ်စေရေး

ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးများ တပ်ဖွဲ့များအလိုက် စစ်ဆင်ရေးများနှင့် ပြည်ပနိုင်ငံများနှင့် ပူးတွဲလေ့ကျင့်ခန်းများပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများနှင့် ရေတပ်ဖွဲ့ချင်းချစ်ကြည်ရင်းနှီးမှု ရရှိသကဲ့သို့ ရေတပ်ဖွဲ့၏အရည်အသွေး၊ ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်မှုအတွေ့အကြုံ၊ သမုဒ္ဒရာကိုဖြတ်ကျော်ရသည့်အတွေ့အကြုံများကို ရရှိကြောင်း၊ တပ်မတော်(ရေ) တွင် အမျိုးသားစစ်သည်များသာမက အမျိုးသမီးအရာရှိ၊ စစ်သည်များကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါအမျိုးသမီးအရာရှိများကိုလည်း စစ်ရေယာဉ်များတွင်တာဝန်ပေးပြီး လိုက်ပါဆောင်ရွက်နိုင်ခဲ့သဖြင့် လူသားအရင်းအမြစ်များ အထိုက်အလျောက်ပြည့်စုံတိုးတက်လာပြီဖြစ်ကြောင်း၊ စစ်ဆင်ရေးကိုမျှော်မှန်း၍ နိုင်ငံ၏ကာကွယ်ရေးစနစ်ကို ပိုမိုထိရောက်မြန်ဆန်စေရေးအတွက် ရေတပ်ဖွဲ့စည်းမှုအား ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ခေတ်မီရေတပ်မတော်ဖြစ်စေရေး အဆင့်မြှင့်တင်ရာတွင် မိမိတို့အနေဖြင့် များစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

မိမိတို့ တပ်မတော်သားများသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည့်အတွက် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ရေးသည် အထူးအရေးကြီးကြောင်း၊ သာမန်အချိန် သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ချိန်တွင် အလေ့အကျင့်များသည် ပင်လယ်ပြင်တွင် ခရီးသွားတာဝန်ထမ်းဆောင်ရာ၌

*စာမျက်နှာ ၅ သို့*



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။**

*စာမျက်နှာ ၄ မှ*

အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထိုသို့ မိမိ၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး ပုံမှန်လေ့ကျင့်ခန်းများကို လေ့ကျင့်ပေးထားမှသာ လျှင် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာ အောင်နေထိုင်ပြီး ကြံ့ခိုင်သန်စွမ်းအောင် လေ့ကျင့်ရန် အထူးမှာကြားလိုကြောင်း၊ နောက်တန်းဌာနချုပ် များတွင် တာဝန်ထမ်းဆောင်နေစဉ် ကြံ့ခိုင်မှုမပြည့်ဝ ခြင်းသည် မသိသာသော်လည်း ပင်လယ်ပြင်တာဝန် များကို ထမ်းဆောင်ချိန်တွင် ကျန်းမာရေးသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ၌ အထူးကျန်းမာကြံ့ခိုင် နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မှု များကို မထိခိုက်စေရန် မိမိကိုယ်ကို ကျန်းမာကြံ့ခိုင် အောင် နေထိုင်သွားကြရန် မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရောဝတီရေတပ်စခန်း ဌာနချုပ်ရှိ (၇၄)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

### အသိအမှတ်ပြုချီးကျူး

ကျန်းမာရေးနှင့်ပတ်သက်၍ တစ်ဆက်တည်း မှာကြားလိုသည်မှာ တစ်ကမ္ဘာလုံး ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ သက်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် ပြည်သူလူထုတို့လက်တွဲပြီး ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များတွင် စုပေါင်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပြီဖြစ် ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် တပ်မတော်(ရေ) မှ တပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများရှိ သွားလာရေးခက်ခဲပြီး ရေလမ်းခရီးကိုသာ အားပြု နေထိုင်နေရသည့် အရပ်ဒေသမှ တိုင်းရင်းသား ပြည်သူများအတွက် ကာကွယ်ဆေး၊ ကုသဆေးနှင့် အောက်ဆီဂျင်အပါအဝင် အခြားလိုအပ်သည့် ပစ္စည်း များကို စစ်ရေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေး တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၄)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

သည့်အတွက်လည်း အသိအမှတ်ပြု ချီးကျူးပါ ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့် ကာလ အတွင်း တပ်မတော်၏ ဆောင်ရွက်မှုများသည် မြန်မာ့သမိုင်းတွင် မှတ်ကျောက်တင်နိုင်မည့် ဆောင် ရွက်ချက်များပင်ဖြစ်ပြီး တပ်မတော်(ရေ)မှ အစိတ် အပိုင်းတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည့် အတွက်လည်း ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်အပ်ပါ ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်း သွားမည့် ရောဂါမျိုးမဟုတ်သဖြင့် ထပ်မံကြုံတွေ့လာ မည့် အခြေအနေများကိုလည်း ရင်ဆိုင်ကူညီနိုင်ရန် အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း။

### အထက်အောက် အပြန်အလှန်လေးစား

တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူကိုကာကွယ်မည်ဟူသည့် မွန်မြတ်သော စိတ် ဆန္ဒနှင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်း ချက်မှုမပါဘဲ ဝင်ရောက်အမှုထမ်းကြသူများဖြစ် ကြောင်း၊ မိမိတို့ ထမ်းဆောင်နေသည့် တာဝန်အပေါ် ယုံကြည်ချက်၊ ခံယူချက် နက်နက်ရှိုင်းရှိုင်းနှင့် တာဝန် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ စည်းကမ်း လိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက် အပြန်အလှန် လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ် မွေးမြူပြီး တပ်မတော်သားကောင်းတစ်ယောက် ဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန် လိုအပ် ကြောင်း၊ စစ်သားကောင်းတစ်ယောက်ဖြစ်ရန် စစ်သားစိတ်အပြည့်အဝရှိရန် သတိ၊ အသိတရား များဖြင့် တာဝန်ထမ်းဆောင်သွားကြရန် လိုအပ်မည် ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့ တစ်ဦးချင်း၏ သွားလာနေထိုင်ပြောဆိုမှု လုံခြုံရေး၊ မိမိတာဝန်ထမ်းဆောင်နေသည့် တပ်၏ လုံခြုံရေး၊ တပ်မတော်၏ လုံခြုံရေးတို့ကို သတိပြုရမည်ဖြစ်ပြီး ရှင်သန်ရပ်တည်နေထိုင်နေကြရသည့် နိုင်ငံတော်၏ လုံခြုံရေးကိုပါ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံ တော်နှင့် တပ်မတော် ထိခိုက်မည့် လုံခြုံရေး ကျိုးပေါက်မှုများ မဖြစ်ပေါ်စေရန် ဂရုပြုရန်လိုအပ် မည်ဖြစ်ကြောင်း၊ **ဒို့တာဝန်အရေးသုံးပါသည် အမျိုး သားရေးတာဝန်ဖြစ်သော်လည်း လက်ရှိနိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး နှင့် စားရေရိက္ခာပေါများရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိ**ကြောင်း။

မိမိတို့နိုင်ငံ၏ ရေပြင်ပိုင်နက်သည် စတုရန်းမိုင် ပေါင်း ၁၄၀၀၀၀ ကျော်၊ ကမ်းရိုးတန်းရေမိုင် ၁၂၆၀ ကျော်ရှည်လျားသည့်အတွက် အပြောကျယ်လှသည့် ရေပိုင်နက်ကို ကာကွယ်ရန်မှာ စေ့စေ့စပ်စပ်ဖြင့် အသိတရား၊ သတိတရားဖြင့် ဆောင်ရွက်ရန်လိုအပ် မည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်ရှိ ကြွယ်ဝသည့် ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များ စောင့်ရှောက်ကာကွယ်ရေး၊ နိုင်ငံ၏ ပင်လယ်ပြင် အခြေပြု စီးပွားရေးလုပ်ငန်းများ (Ocean Based Economy) ဘေးကင်းလုံခြုံရေးနှင့် ကျူးကျော်လာ မည့် ရေကြောင်းဆိုင်ရာခြိမ်းခြောက်မှုမှန်သမျှကို တွန်းလှန်ကာကွယ်ရေးသည် တပ်မတော်(ရေ)၏ အဓိကတာဝန်ပင် ဖြစ်ကြောင်း။

### နိုင်ငံ၏ပိုင်နက်ရေပြင် ကာကွယ်ရေး

ယနေ့တပ်တော်ဝင်သည့် ရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲကျော်ထင်) ကို လေ့ကျင့်ရေး ဆောင်ရွက်ရန် အဓိကထားသည်ဖြစ်သော်လည်း လိုအပ်ပါက စစ်ဆင်ရေးတာဝန်များကိုလည်း ထမ်း ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေငုပ် သင်္ဘော စစ်ရေယာဉ်(မင်းရဲကျော်ထင်)ကို လေ့ကျင့် ရေးတာဝန်များအပြင် နိုင်ငံ၏ပိုင်နက်ရေပြင် ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အကျိုးရှိစွာ အသုံးချသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ မင်းရဲ ဆိုသည်မှာ အလွန်ရဲရင့်သည့်သူရဲကောင်းဟု အဓိပ္ပာယ်ရကြောင်း၊ ကျော်ထင် ဆိုသည်မှာ ကျော်ကြား ထင်ရှားခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ ရှေးမြန်မာမင်း များလက်ထက် ရန်အပေါင်းကို ရင်ဆိုင်ချေမှုန်းခဲ့သည့် အလွန်ရဲရင့်ကျော်ကြားထင်ရှားသည့် သူရဲကောင်း များကို ပေးလေ့ရှိသည့် ဘွဲ့အမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးကို ထိပါးနှောင့်ယှက်လာမည့် မည်သည့် ကျူးကျော်မှုကိုမဆို ရဲရဲရင့်ရင့်ဖြင့် ရင်ဆိုင်ချေမှုန်း နိုင်ရန်ရည်ရွယ်ပြီး အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မြစ်တွင်းအမြန်သွား ကင်းလှည့်ရေယာဉ်များ ကိုလည်း မြစ်တွင်းသယ်ပို့တာဝန် ထမ်းဆောင်နိုင် ရန်နှင့် ဘက်စုံသုံးရေယာဉ်အဖြစ် အသုံးပြုနိုင်သည့် အပြင် မြစ်တွင်း စစ်ဆင်ရေးများတွင် လျင်မြန်စွာ လှုပ်ရှားနိုင်ပြီး ပစ်အားနှင့်စစ်ကစားနိုင်ရန် ရည်ရွယ် တည်ဆောက်ခဲ့ကြောင်း၊ ဟန်ချက်ညီရေတပ်တစ်ခု တည်ဆောက်သည့်နေရာတွင် သီးသန့်စီးပွားရေးဇုန် ကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းရေပြင်နှင့် မြစ်တွင်း စစ်ဆင်ရေးများ ဆင်နွှဲနိုင်ရန်အတွက် ဖရီဂိတ် စစ်ရေယာဉ်ကြီးများ၊ ကော်ဗက်စစ်ရေယာဉ်များ အပါအဝင် မြစ်တွင်းအမြန်သွားကင်းလှည့်ရေယာဉ် များကိုပါ အချိုးအစားမျှတစွာ ထမ်းဆောင်ရမည့် တာဝန်နှင့် လိုက်လျောညီထွေရှိအောင် စနစ်တကျ တည်ဆောက်ပေးလျက်ရှိကြောင်း။

ထိုကဲ့သို့ စစ်ရေယာဉ်များကို တည်ဆောက် နိုင်ရေး၊ တာဝန်ထမ်းဆောင်နိုင်ရေးတို့အတွက် တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြ သည့် တပ်မတော်(ရေ) မှ တာဝန်ရှိသူများ၊ အင်ဂျင် နီယာများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ အားလုံးကို ချီးကျူးမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃)ရေတပ် ဆိပ်ခံတံတားမှ ရောဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ်(ရတနာပုံ) ဖြင့် ထွက်ခွာကြသည်။

### အထိမ်းအမှတ် ဂုဏ်ပြုကိတ်မုန့်လှီး

ထိုသို့သွားရောက်စဉ် စစ်ရေယာဉ်ပေါ်၌ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၄)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုကိတ်မုန့်လှီးခြင်းအား ဆောင်ရွက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (ရေ)များ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်တို့အား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တံဆိပ်များအား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် ရောဝတီရေတပ်စခန်းဌာနချုပ်ရှိ (၇၄)နှစ် မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်း အမှတ်ပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ် အလိုက် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ ၎င်းနောက် တပ်မတော် (ရေ)စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုများ၊ ပဒေသာကပွဲများ၊ တိုင်းရင်းသားရိုးရာတေးသီချင်း အကအလှတို့ဖြင့် ဖျော်ဖြေမှုများအား ကြည့်ရှု အားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါ (၇၄)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ပြခန်းများတွင် ရေတပ်သမိုင်း မှတ်တမ်းဓာတ်ပုံများ၊ ရေတပ်အသုံးအဆောင်ပစ္စည်း များနှင့် ရေယာဉ်ပုံစံငယ်များ၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်ထုတ် လူသုံးကုန်ပစ္စည်းအရောင်းဆိုင် များ၊ ဒေသထွက်ကုန်များနှင့် မြန်မာ့ရိုးရာအစားအစာ များကို ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်ဖန်ချက်စက်ရုံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

## ဖန်ထည်ပစ္စည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သန်လျင်ဖန်ချက်စက်ရုံ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားအား ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်ဖန်ချက်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက စက်ရုံဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းပေးအပ်စဉ်။



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောတို့က သန်လျင်ဖန်ချက်စက်ရုံ ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**❍ မြန်မာနိုင်ငံ၏ ဖန်ပုလင်းအသုံးပြုမှုအတွက် ပြည်ပမှ ဖန်ပုလင်းများ တင်သွင်းနေရမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် စက်ရုံ အဆင့်မြှင့်တင်မှုအား ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု အဆင့်မြှင့်တင် တည်ဆောက်ထားသည့် သန်လျင်ဖန်ချက်စက်ရုံမှ တစ်ရက်လျှင် ဖန်တန်ချိန် ၃၀၀ ကို ထုတ်လုပ်နိုင်ပြီး ပျမ်းမျှပုလင်း အလုံးရေ လေးသိန်းကျော်အား ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက်လိုအပ်သည့် ဖန်ပုလင်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်တော့မည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစောတို့က ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သန်လျင်ဖန်ချက်စက်ရုံ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖန်ချက်မီးဖို (FURNACE) အား စက်ခလုတ်နှိပ်မီးညှိ ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း ဆက်လက်လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖန်ချက်စက်ရုံ (Documentary Video) အားကြည့်ရှုကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖန်ပုလင်းများ သုံးစွဲမှုဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်ကြောင်း၊ ယခုကဲ့သို့ ဖန်ထည်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည် ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စက်ရုံတည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ စက်ရုံဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံတည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်သည်။

မြန်မာနိုင်ငံ၏ ဖန်ချက်လုပ်ငန်းကို ပုဂံခေတ်တွင် အစောဆုံးတွေ့ရှိရပြီး ဖန်ချက်ပညာသည် ကုန်းဘောင်ခေတ် နှောင်းပိုင်းကာလများတွင် များစွာအဆင့်အတန်းမြင့်မားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခု မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သန်လျင် ဖန်ချက်စက်ရုံအား

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ဆိပ်ကမ်းများအား နိုင်ငံတကာအဆင့်မီဖြင့် တည်ဆောက်နိုင်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများကို မှာကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဒေသရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်လွင်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများက ကြိုဆိုနှုတ်ဆက်ကြသည်။

**❏ ပို့ဆောင်ရေးစနစ်တွင် ၄ မျိုးရှိပြီး မော်တော်ယာဉ်၊ လေယာဉ်၊ ရထား၊ ရေလမ်းကြောင်းဟူ၍ဖြစ်၊ ရေကြောင်းပို့ဆောင်ရေးသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းအမြောက်အမြားကို သယ်ယူပို့ဆောင်ပေးနိုင်၊ မိမိတို့နိုင်ငံတွင် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း ဟူ၍ရှိပြီး ကောင်းမွန်စွာ အသုံးချနိုင်ရမည်၊ တက္ကသိုလ်မှ ထွက်ပေါ်လာသည့် ပညာရှင်များသည် နိုင်ငံတော်အတွက် ကောင်းမွန်စွာ အကျိုးပြုပေးနိုင်ရမည်**

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်တို့က တက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်း၊ တက္ကသိုလ်၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တက္ကသိုလ်ဖွဲ့စည်းပုံ၊ သင်ကြားမှုဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတကာစံနှုန်းနှင့်အညီ လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများ၊ လက်တွေ့လေ့ကျင့်ခန်းများ သင်ကြားပေးမှု အခြေအနေများ၊ တက္ကသိုလ် စာကြည့်တိုက်အသစ် တည်ဆောက်နေမှု အခြေအနေများ၊ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်စီမံကိန်းများတွင် တက္ကသိုလ်မှ ပါဝင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုတက္ကသိုလ်သည် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေပိုင်နက်နယ်နိမိတ်သည် စတုရန်းမိုင် ၁၄၀၀၀၀ ကျော်ရှိပြီး ပင်လယ်ကမ်းရိုးတန်းအရှည်သည် ၁၂၆၀ မိုင်ကျော်ရှိကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ် စသည့်မြစ်များတွင်လည်း ဆိပ်ကမ်းများရှိကြောင်း၊ ပြည်တွင်းပြည်ပ ရေကြောင်းသွားလာရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေကြောင်းပညာရှင်များ မွေးထုတ်ပေးသည့် အဓိကတက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူများအား အလုပ်ခန့်အပ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံသားများ၏ စွမ်းရည်ကိုပြသနိုင်သည့် အလုပ်အကိုင် *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

၁၉၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆင့်ဆင့် တိုးချဲ့ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဖန်ပုလင်းအသုံးပြုမှုအတွက် ပြည်ပမှဖန်ပုလင်းများ တင်သွင်းနေရမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် စက်ရုံအဆင့်မြှင့်တင်မှုအား ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု အဆင့်မြှင့်တင်တည်ဆောက်ထားသည့် သန်လျင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံတည်ဆောက်ရေးတာဝန်ရှိသူတစ်ဦးကို ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သန်လျင်ဖန်ချက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဖန်ချက်စက်ရုံမှ တစ်ရက်လျှင် ဖန်တန်ချိန် ၃၀၀ ကို ထုတ်လုပ်နိုင်ပြီး ပျမ်းမျှ ပုလင်း အလုံးရေလေးသိန်းကျော်အား ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက်လိုအပ်သည့် ဖန်ပုလင်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

တစ်ခုလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆိပ်ကမ်းများ စီမံခန့်ခွဲမှုသည် အရေးကြီးကြောင်း၊ အချို့ဆိပ်ကမ်းများတွင် ဆိပ်ကမ်းစီမံခန့်ခွဲမှုများ အားနည်းသည်ကို တွေ့ရှိရကြောင်း၊ ဆိပ်ကမ်းများအား နိုင်ငံတကာအဆင့်မီဖြင့်တည်ဆောက်နိုင်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းငယ်များမှအစ အကြီးဆုံးဆိပ်ကမ်းများအထိ ယခုကျောင်းဆင်းများမှ စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

အလားတူ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများ၏ ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စနစ်တကျထိန်းသိမ်း၍ အကျိုးရှိအောင် အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ မြစ်ကမ်းပါးများကိုလည်း စနစ်တကျဖြင့် ပြုပြင်ထိန်းသိမ်းရန်နှင့် မြစ်ချောင်းများသာယာလှပရေးနှင့် ရေယာဉ်များကောင်းမွန်စွာ သွားလာနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ပို့ဆောင်ရေးစနစ်တွင် ၄ မျိုးရှိပြီး မော်တော်ယာဉ်၊ လေယာဉ်၊ ရထား၊ ရေလမ်းကြောင်းဟူ၍ဖြစ်ကြောင်း၊ ရေကြောင်း ပို့ဆောင်ရေးသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းအမြောက်အမြားကို သယ်ယူပို့ဆောင်ပေးနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းဟူ၍ရှိပြီး ကောင်းမွန်စွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ထွက်ပေါ်လာသည့် ပညာရှင်များသည် နိုင်ငံတော်အတွက် ကောင်းမွန်စွာ အကျိုးပြုပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရေကြောင်းကူးသန်းမှုတွင် port management သည် အရေးကြီးပြီး နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ခေတ်မီနည်းပညာများဖြင့် စီမံခန့်ခွဲသည့် ပညာရပ်များကို လေ့လာသင်ကြားဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက်လည်း သာမန်ရေစီးကြောင်းမှတစ်ဆင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး ရေကြောင်းပညာရှင်များနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

သင်္ဘော တည်ဆောက်ရေးနှင့် ပတ်သက်၍ ယခင်က ဆင်မလိုက်သင်္ဘောကျင်းမှ မြစ်တွင်းသွားသင်္ဘောများနှင့် ကမ်းရိုးတန်းသွားသင်္ဘောများ တည်ဆောက်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ ပင်လယ်ပြင်အတွင်းကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် သင်္ဘောများ၊ ပင်လယ်ပြင်အတွင်းရှိ သယံဇာတများအား ထုတ်ယူနိုင်သည့် သင်္ဘောများ တည်ဆောက်နိုင်ရန်လိုအပ်သကဲ့သို့ ပင်လယ်ပြင်သယံဇာတများကိုလည်း ထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ ယခုတက္ကသိုလ်မှသင်တန်းဆင်းပြီး သင်္ဘောတည်ဆောက်ရေးနှင့် သက်ဆိုင်သည့် အင်ဂျင်နီယာများအနေဖြင့် မိမိတို့နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ထူးချွန်သည့် သင်္ဘောတည်ဆောက်ရေးပညာရှင်များ ထွက်ပေါ်လာရေး လက်တွေ့လေ့ကျင့်ခန်းများဖြင့် ထိထိရောက်ရောက် အဆင့်မီစွာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ရှိပြီးသားသင်္ဘောကျင်းများ၌ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ယခုတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် သင်္ဘောတည်ဆောက်ရေး ပညာရှင်များက ဦးဆောင်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သူများအနေဖြင့် ယခုထက်ပိုမိုအရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးသွားရန် လိုကြောင်း၊ ထို့ကြောင့် ပညာရပ်များအား ထိထိရောက်ရောက် သင်ကြားပေးနိုင်ရန်အတွက် လိုအပ်သည့် ဆရာ ဆရာမများအား ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Full Mission Engine Room Simulator ဌာနကို ကြည့်ရှုစစ်ဆေးစဉ်။

မိမိတို့နိုင်ငံ၏ မြစ်ချောင်းနှင့်ပင်လယ်ရေပြင်များ သဘာဝအတိုင်း သန့်ရှင်းမှုရှိစေရေးအတွက် ထိထိရောက်ရောက် ထိန်းသိမ်း ဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ရေကြောင်းအပန်းဖြေသွားရောက်မှုလည်း ပါဝင်ကြောင်း၊ ယခုသင်တန်းကျောင်းအနေဖြင့် ရှိပြီးသားအောင်မြင်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ထပ်မံတိုးတက်ဖွံ့ဖြိုးစေရေးကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် ပုဂ္ဂလိကလုပ်ငန်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အချို့ကဏ္ဍများတွင် နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုတက္ကသိုလ်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်စေရေး အဆောက်အဦများ၊ သင်ထောက်ကူပစ္စည်းများကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားများအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီး၍ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်အောင် အခြေခံမှအစ ဆောင်ရွက်ပေးရန်လိုပြီး သင်တန်းပြီးဆုံးချိန်တွင် မိမိကိုယ်တိုင်ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းဆိုင်ရာများတွင်လည်း ဆရာ ဆရာမများ၏ သင်ကြားပေးမှုများကို ကျောင်းသား ကျောင်းသူများ လွယ်ကူစွာ နားလည်သိရှိစေရန် သင်ကြားလေ့ကျင့်ပေးရန် လိုကြောင်း၊ သင်ကြားမှု အထောက်အကူပြု စာအုပ်၊ စာတမ်းများကို အမြဲမပြတ် ဖတ်ရှုနိုင်ရန်နှင့် ခေတ်နှင့်လျော်ညီသည့် ပညာရပ်များကိုလေ့လာနိုင်ရေးအတွက်လည်း ဒစ်ဂျစ်တယ် နည်းပညာများအသုံးပြု၍ စာအုပ်၊ စာတမ်းများ ဖတ်ရှုလေ့လာနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်အတွင်းရှိ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။

ယခုတက္ကသိုလ်မှ ဘွဲ့ရရှိသူများသည် နိုင်ငံတကာနှင့် ဆက်ဆံရမှုများရှိသဖြင့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောနိုင်ရန်နှင့် ဖတ်ရှုနိုင်ရန်လိုအပ်သဖြင့် အင်္ဂလိပ်ဘာသာကို တတ်ကျွမ်းစေရန် စနစ်တကျဖြင့်လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အလားတူ ကွန်ပျူတာပညာရပ်များကိုလည်း ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရန်လိုသကဲ့သို့ ကွန်ပျူတာစနစ်ကိုအသုံးပြု၍ သင်ကြားမှုများကို အဆင့်မီစွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တက္ကသိုလ်သင်ကြားရေးများတွင် သာမန်ပညာ သင်ကြားရေးသာ မဟုတ်ဘဲ ကျောင်းသား ကျောင်းသူများအတွက် အခြားလိုအပ်သည့် နေထိုင်ရေး၊ လုံခြုံရေး၊ စားသောက်ရေးများကိုလည်း ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတကာတွင် မိမိတို့တက္ကသိုလ်များသည် အတုယူဖွယ်ရာတက္ကသိုလ်များ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းရှိ သင်ကြားရေး၊ စီမံရေးတို့အား အရည်အသွေးစိစစ်ခန့်ခွဲရေးရုံး၊ စာကြည့်တိုက်တို့အား ကြည့်ရှုခဲ့ပြီး Full Mission Engine Room Simulator ဌာနတို့တွင် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများအား ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရေး၊ အရေးပေါ်အခြေအနေအား ဖြေရှင်းဆောင်ရွက်နိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးမှု အခြေအနေများအားလှည့်လည်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Simulator များဖြင့် လေ့ကျင့်ပေးရာတွင် ရေယာဉ်ငယ်မှ ပင်လယ်သွား သင်္ဘောကြီးများအထိ အဆင့်ဆင့် အခြေခံမှစ၍ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်သည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို ဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အား ၂၀၀၂ ခုနှစ်တွင် ကမာရွတ်မြို့နယ် ဆင်မလိုက်ရှိ ရေကြောင်းသိပ္ပံ(Myanmar Mercantile Marine College) ကျောင်းဝင်းအတွင်း၌ ပထမအပတ်စဉ်အား စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် သန်လျင်မြို့နယ် သီလဝါဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း၊ ရေကြောင်းပညာဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်၊ ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး ကျွမ်းကျင်သော ရေကြောင်းပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ ရေကြောင်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုစေမည့် သိပ္ပံနှင့် နည်းပညာတို့ကို သင်ကြားပေးနိုင်ရန်၊ ရေကြောင်းပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များကို ရေကြောင်းပညာရှင်များ သိရှိနားလည်နိုင်စေရန်၊ ရေကြောင်း ပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ မဟာအင်ဂျင်နီယာဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဘာသာရပ်များအလိုက် ဘွဲ့ရရှိသူ စုစုပေါင်း ၄၁၃၇ ဦး၊ ဘာသာရပ် အလိုက် ဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ ၁၀၅၂ ဦးနှင့် မဟာအင်ဂျင်နီယာဘွဲ့ရရှိသူ ၁၇ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒီမိုကရေစီနှင့်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်

ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ခြင်းသည် အောက်တန်းကျသည့် လုပ်ရပ်ဖြစ်ပြီး လူထုကို အကြောက်တရားဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပြည်သူကိုခြိမ်းခြောက်၍ အကြောက်တရားဖြစ်အောင် ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပြည်သူများအားလုံးနှင့် တာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ စုပေါင်းအားဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# (၇၄) နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျ ကျော်ထင်မိုးအောင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် သန်လျင်တပ်နယ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြီး ကာကွယ်ရေးဦးစီးချုပ် (ရေ)က တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေး ပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့အတူ (၇၄)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို သန်လျင်တပ်နယ် မဟာနာဝါနိက ဇယမင်္ဂလာဗိမာန်တော်၌ကျင်းပရာ သန်လျင်မြို့ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတေဇအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး ဒေါ်အေးခိုင်ညွန့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် ဇနီးများ၊ သန်လျင်တပ်နယ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျွမ်းကျင်မှုအဆင့်(၁)လုပ်သား ၁၅၆၄ ဦးနှင့် ကျွမ်းကျင်မှုအဆင့်(၂)လုပ်သား ၁၅ဦး စုစုပေါင်းလုပ်သား ၁၅၇၉ ဦးကို အသိအမှတ်ပြုနိုင်ပြီဖြစ်

ရန်ကုန် ဒီဇင်ဘာ ၂၄

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၁-၂၀၂၂ Mini Budget ၌ လုပ်သား ၄၂၄ ဦးကို စစ်ဆေးအကဲဖြတ်ရန် လျာထားချက်ပြည့်မီစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် (၆၃) ရပ်ကွက် စက်မှုလမ်းရှိ Arbourfield Assessment Center သို့ သွားရောက်ကြည့်ရှုသည်။**

ကြည့်ရှုစဉ် Arbourfield Assessment Center မှ တာဝန်ရှိသူက သင်တန်းကျောင်း တည်ထောင်ထားရှိမှုနှင့် သင်တန်းဖွင့်လှစ်ပို့ချနေမှုကိုလည်းကောင်း၊ Chief Assessor က Welder Level-1 အလုပ်အကိုင်အတွက် လုပ်သား၂၀ ကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အရည်အချင်းပြည့်ဝရန်နှင့် ကျွမ်းကျင်လုပ်သားအများဆုံး လိုအပ်သော အလုပ်အကိုင်များကိုသာ စစ်ဆေးရန်မှာကြားခဲ့ပြီး လုပ်သားများ ကျွမ်းကျင်မှုစွမ်းရည် ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေး အားပေးသည်။

အလုပ်သမားဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်း၍ မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

လုပ်သားများကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ရေးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ အလုပ်အကိုင်အမျိုးအစားပေါင်း ၃၀ အတွက် လုပ်သား ၁၈၅၃၆ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ရာ အရည်အသွေးပြည့်ဝသူ လုပ်သား ၁၆၇၃၃ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး Welder Level-1 (MMAW, GMAW, FCAW) အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုအဆင့် (၁) လုပ်သား ၁၅၆၄ ဦးနှင့် ကျွမ်းကျင်မှု အဆင့် (၂) လုပ်သား ၁၅ဦး စုစုပေါင်း လုပ်သား ၁၅၇၉ ဦးကို အသိအမှတ်ပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# (၇၄)နှစ် လွတ်လပ်ရေးနေ့အတွေးအမြင်

စာချစ်သူ



၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးမိန့်ခွန်းပြောကြားစဉ်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယဖြစ်သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှ ကိုလိုနီနယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရာမှ တစ်မျိုးသားလုံး အသက်သွေး၊ ချွေးများ ပေးဆပ်ရင်းနှီးပြီး တို့ဗမာအစည်းအရုံးနှင့် ဖဆပလအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာအပါအဝင် အာရှနိုင်ငံအများစုသည် မရှေးမနှောင်း ကိုယ်စီကိုယ်စီ လွတ်လပ်ရေးရရှိခဲ့ကြသည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံကြီးသည် မြန်မာထက် လေးလခွဲမျှစောသည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အိန္ဒိယကွန်ဂရက်ပါတီ၏ ဦးဆောင်မှုဖြင့် နယ်ချဲ့ဗြိတိသျှတို့လက်မှ မားသားအိန္ဒိယကို လွတ်လပ်ရေး ရယူဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

အိမ်နီးချင်း တရုတ်နိုင်ငံကြီးကတော့ မြန်မာထက် တစ်နှစ်ကျော် နှစ်နှစ်နီးပါး နောက်ကျခဲ့သည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဥက္ကဋ္ဌကြီးမော်ဦးဆောင်သော တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီက ဖက်ဆစ်ဂျပန်နှင့် နိုင်ငံရေးပြိုင်ဘက်ကွန်မင်တန်တပ်များကို တွန်းလှန်တိုက်ခိုက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့သည်။

## လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း

မြန်မာ၊ တရုတ်၊ အိန္ဒိယ သုံးနိုင်ငံသည် လူဦးရေနှင့် နယ်မြေအမျိုးအစားအရ ကွာဟမှုရှိခဲ့သော်လည်း အာရှ၌ မဟာဗျူဟာ အချက်အချာကျသည်။ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယတို့က ပို၍ ကျောချင်းကပ်ခဲ့ကြသည်။ အိန္ဒိယကွန်ဂရက်ပါတီ ခေါင်းဆောင် ဂျဝါဟာလာလ်နေရူးနှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးကျော်ငြိမ်း စသည့် မြန်မာခေါင်းဆောင်တို့သည် နိုင်ငံရေးအရသာမက ပုဂ္ဂိုလ်ရေးအရပါ ရင်းနှီးသည်။

လွတ်လပ်ရေးနှင့် ပတ်သက်၍ အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံ ဘယ်သူအရင် လွတ်လပ်ရေး ရယူဆွတ်ခူးနိုင်မလဲ မေးခွန်းကို နေရူးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ခန့်မှန်းသုံးသပ်လေ့ရှိကြသည်။ နေရူးက အိန္ဒိယသည် မြန်မာထက်စောပြီး လွတ်လပ်ရေးရမည်ဟု ခန့်မှန်းသည်။

ကံတူအကျိုးပေး မြန်မာ၊ တရုတ်၊ အိန္ဒိယ သုံးနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်တွင် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့ကြရသည်။ သို့ကြောင့်မို့ နိုင်ငံခေါင်းဆောင်များသည် နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေး၊ အင်အားတောင့်တင်းရေး တို့အတွက် ကိုယ်စီကိုယ်စီ မျှော်မှန်းချက်များထားရှိခဲ့ကြသည်။

## မြန်မာပြည်ကအရေးပါ

မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "မြန်မာပြည်ဟာ ငယ်ပေမယ့် သူ့အလျောက် တန်ဖိုးရှိတယ်။ ရှေးကတော့ မရှိဘူး၊ ယခု မြန်မာပြည်ဟာ ဥရောပတိုက်မှာ ဘယ်လ်ဂျီယံပြည်နဲ့တူတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်ဟာ အိန္ဒိယပြည်နဲ့ တရုတ်ပြည်ကြီး နှစ်ပြည်ကြားမှာရှိပြီး အင်မတန်စစ်ဘက်က အရေးပါအရာရောက် အကွက်ကျတဲ့ အချက်အချာနိုင်ငံဖြစ်နေတယ်။ စစ်နဲ့ပတ်သက်ပြီး စစ်ပစ္စည်းတွေလည်း ရှိတယ်။ ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီးမှာ မြန်မာပြည်ဟာ ဘယ်လောက်အရေးပါတယ်ဆိုတာ အပြင်ဘက်လူတွေကိုယ်တိုင် မြင်သလောက်မြင်ကြတယ်။ ကျွန်တော်တို့ကတော့ အတွင်းကျကျလုပ်ခဲ့လို့သိတယ်။ နိုင်ငံတကာအရေးကိစ္စတွေ ပေါ်ပေါက်လာတဲ့ အချိန်ကျမှ နောက်ကဝင်ပြီး မြန်မာနိုင်ငံက ခြေထိုးနိုင်တယ်။ အဲဒီလို မြန်မာပြည်က အရေးပါတဲ့ အခြေအနေကိုရောက်နေတယ်။

မြန်မာပြည် လွတ်လပ်တဲ့အချိန်အခါမှာ ဘယ်သူလာပြီး ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုတာကို ကျုပ်မလန့်ဘူး။ မြန်မာပြည်လူထုညီညွတ်ဖို့ လိုတယ်။ နိုင်ငံရေးစားဖားတွေ ညီညွတ်ဖို့မလိုဘူး။ ဘယ်သူတွေ ညီညွတ်ရမယ်ဆိုရင် တကယ်ခေတ်မြန်မာပြည်မှာ တက်အံ့ဆဲဆဲ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်မယ်ဆိုရင် မြန်မာပြည်ညီညွတ်မှာပဲ။ တစ်ယောက်နဲ့တစ်ယောက် အကြောင်းပြချက်မလုံလောက်ဘဲ မညီမညွတ်ဖြစ်နေရင် အချုပ်အခြာအာဏာပိုင်အဖြစ် ရောက်နိုင်မှာ မဟုတ်ဘူး"ဟု ၁၉၄၇ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော နိုင်ငံရေးရှင်းလင်းပွဲမိန့်ခွန်း၌ ညီညွတ်ရေးနှင့်ပတ်သက်၍ သတိပေးပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမ၌ မြွက်ကြားခဲ့သော ရန်ကုန်နယ်လုံးဆိုင်ရာ နိုင်ငံရေးရှင်းလင်းပွဲကြီးတွင်မူ "လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလိုဖြစ်ချင်သလား၊ တူရကီလိုဖြစ်ချင်သလား၊ အိုင်ယာလန်လိုဖြစ်ချင်သလား၊ ဆိုဗီယက်ရုရှားလို ဖြစ်ချင်သလား။ မြန်မာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ပြန်လည်ထူထောင်ရေး စီမံကိန်းများကို အမျိုးမျိုးသော နည်းများနဲ့လုပ်မှ၊ ခပ်ရိုင်းရိုင်း မြန်မာစကားပြောရရင် အတော့်ကိုပြဲအောင် ကြိုးစားလုပ်ကိုင်မှ အနှစ် ၂၀ ကျော်လောက်ကြာမှ မြန်မာပြည် တော်ရုံရောက်မယ်။ မလုပ်လို့ရှိရင် ယိုးဒယားတောင်မီမှာမဟုတ်ဘူး။ အခြားလွတ်လပ်သော တိုင်းပြည်များ ခြေတစ်လှမ်းလှမ်းရင် ကိုယ်ခြေ ၄-၅ လှမ်း လှမ်းနိုင်မှ တော်ရုံကျမယ်။ အဲဒီလို မလုပ်ရင် ဟိုလူလာလည်း မျက်နှာချိုသွေးရ၊ ဒီလူလာလည်း မျက်နှာချိုသွေးရနဲ့ 'ဖာသည်'နိုင်ငံ ဖြစ်မှာပဲ။

လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်းညီညွတ်မှုတွေကို ထိန်းထားပါ။ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကိုလွတ်လပ်ရေးအရသာ ကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ခင်ဗျားတို့ စောက်ကျင့်တွေ ပြင်ဖို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့မယ်" ဟူ၍ ဗိုလ်ချုပ်က နောက်ဆုံးမိန့်ခွန်းအဖြစ် မြန်မာပြည်သူလူထုကို ခပ်ကြမ်းကြမ်း သတိပေးနှိုးဆော်သွားခဲ့ရှာသည်။

အိန္ဒိယနိုင်ငံခေါင်းဆောင်ကြီး နေရူးကမူ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နှင့် ၁၅ ရက်နေ့ သန်းခေါင်ယံအချိန်၌ နယူးဒေလီမြို့တော်ရှိ ပါလီမန်လွှတ်တော်အဆောက်အအုံ ဗဟိုခန်းမကြီးထဲ၌ ဥဒါန်းတွင်ရစ်မည့် လွတ်လပ်ရေးနေ့မိန့်ခွန်းအဖြစ် "ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာအကြာမှစ၍ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ ယခုကျွန်ုပ်တို့၏ ကြိုးပမ်းချက်မှာ အကောင်အထည် ပေါ်လာပြီဖြစ်သည်။

## ဝမ်းမြောက်ဂုဏ်ယူ

သန်းခေါင်ယံအချိန် လူ့လောကတစ်ခွင်လုံးအိပ်မောကျနေစဉ် အိန္ဒိယပြည်သည် အသက်ဝင်လှုပ်ရှားကာ လွတ်လပ်ရေး ပန်းတိုင်အရောက် ချီတက်ပေတော့မည်။ အဟောင်းမှ အသစ်သို့လည်းကောင်း၊ အဖိနှိပ်ခံဘဝမှ လွတ်လပ်ခြင်းသို့လည်းကောင်း ကူးပြောင်းပေတော့မည်" ဟူ၍ မျှော်လင့်ချက်အပြည့်၊ ဝမ်းမြောက်ဂုဏ်ယူမှုအပြည့်ဖြင့် ပြောကြားခဲ့ပေသည်။

သို့ရာတွင် နေရူးသည် တစ်ဖက်ကလည်းမားသားအိန္ဒိယ၏ကြီးလေးသောတာဝန်များကို ကြိုတင်၍ ခန့်မှန်းတွက်ချက်ထားခဲ့သည်။ သမီးဖြစ်သူ အင်ဒီရာဂန္ဒီထံ ထောင်တွင်းမှ ရေးသားပေးပို့ခဲ့သည့် 'သမီးထံသို့ပေးစာများ' ထဲတွင် 'လွတ်လပ်ရေးကို ဖေဖေတို့အမှန်တကယ်လိုချင်တယ်။ ဒါပေမဲ့ လွတ်လပ်ရုံနဲ့မပြီးသေးဘူး။ အမိနိုင်ငံမှာ ရှိနေတဲ့ ဖုန်မှုန့်အညစ်အကြေးတွေ၊ ဆင်းရဲတော်ပြတ်မှုတွေ၊ ဒုက္ခတွေကို ဖယ်ရှားပစ်နိုင်ဖို့ လိုသေးတယ်။ ပြီးတော့ လူတွေရဲ့စိတ်ဓာတ်မြင့်မားလာအောင်လုပ်ရဦးမယ်။ အစွမ်းကုန်ဆောင်ရွက်ဖို့လိုတယ်။ ပူးပေါင်းဆောင်ရွက်စရာတွေလည်း ရှိတယ်။ တိုင်းသူပြည်သားတွေရဲ့ ခံယူချက်မြင့်မားမလာရင် လုပ်စွမ်းနိုင်မှာ မဟုတ်ဘူး။ အခုလိုလုပ်ဖို့ရာ တာဝန်ကြီးလှတယ်။ အချိန်တွေ အများအပြားလိုမယ်။ အနည်းဆုံး အစပြုကြိုးစားပြင်ဆင်ထားဖို့တော့ လိုလိမ့်မယ်သမီး' ဟု ရေးသားခဲ့သည်။

၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ထျန်းအန်းမင်ရင်ပြင်တွင် လူ နှစ်သိန်း၊ သုံးသိန်းခန့် စုဝေးနေကြသည်။ အနီရောင်အလံများကလည်း ရဲရဲတောက်နေသည်။ ဥက္ကဋ္ဌကြီး မော်စီတုံးက "တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီး၏ ဗဟိုပြည်သူ့အစိုးရကို ယခုတည်ထောင်လိုက်ပါပြီ။ ကျွန်တော်တို့ တရုတ်ပြည်သူတွေ ကိုယ့်ခြေထောက်ပေါ်ကိုယ် မတ်မတ်ရပ်နိုင်ခဲ့ပြီ" ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားခဲ့သည်။

"နိုင်ငံတစ်နိုင်ငံ၏ (၇၄) နှစ်သက်တမ်း ဆိုသည်မှာ ဘာမျှမရှိသေးပါ။ အချိန်ရှိပါသေးသည်။ ပစ္စက္ခ (၇၄)နှစ်မြောက် လွတ်လပ်ရေးမှသည် အနာဂတ်ဖွံ့ဖြိုးရေးဆီသို့ဟူသည့် လေးနက်ခိုင်ကျည်သော သန္နိဋ္ဌာန်တစ်ရပ်ရှိဖို့သာ လိုအပ်

စာမျက်နှာ ၁၂ သို့

# ကံကောင်းခြင်းကို သင်ဖန်တီးနိုင်

ဇော်လေး

**ဖန်တီးလို့ရ၊ မရ**

Every man is his own historian.

လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကိုကိုယ်ရေးနေကြတဲ့ ကိုယ်တိုင်သမိုင်းရေးဆရာတွေပါပဲ။

ကံကောင်းခြင်းကို ဖန်တီးလို့ရသလား။

သင်ဘယ်လိုထင်ပါသလဲ။

သေချာပေါက်အဖြေရှိတာပေါ့။

ကံကောင်းခြင်းဆိုတာကို ဖန်တီးလို့ရပါတယ်။

ကံကောင်းခြင်းကို ဖန်တီးတယ်ဆိုတာ ပတ်ဝန်းကျင်ကို ဖန်တီးတာပါပဲ။ ကံကောင်းခြင်းကိုရနိုင်၊ မရနိုင်ဆိုတာ တကယ်တော့ မိမိကိုယ်တိုင်နဲ့သာ သက်ဆိုင်တာပဲ။ မိမိအပေါ်မှာပဲ မူတည်တယ်။

ဘဝတစ်ခုဟာ အစပြုတာရှိသလို အဆုံးနိဂုံးလည်း ရှိပေတာပေါ့။ ခရီးတစ်ခု သွားနေသလိုပါပဲ။ မုချရောက်ရမယ့် ဘူတာစဉ်တွေမှာ မှတ်တိုင်စာရင်းထိုးထားတယ်လေ။ ဘာတဲ့လဲ။

ထွက်ခွာရွေ့လျား ရှေ့ကိုသွားရင်းတွေ့ရမယ့်ဘူတာတွေက အိုမင်းခြင်း၊ နာမကျန်းခြင်း၊ သေလွန်ခြင်း။ ဟုတ်တယ်။ ဒီဘူတာစဉ်အတိုင်း မလွဲမသွေဖြတ်သန်းနေကြတာပေပဲ။ သင့်ရဲ့လက်ကျန်ဘဝဟာ ကြာလေလေ နည်းလေလေပေါ့။

ကံကောင်းခြင်း လက်ဆောင်တွေကတော့ မူလခရီးစဉ်အစီအစဉ်မှာ ပါခဲ့သည်ဖြစ်စေ၊ မပါခဲ့သည်ဖြစ်စေ သင်ဖန်တီးမှုဝေလို့ရတာကတော့ သေချာပါတယ်။ ဘဝရဲ့ကံကောင်းခြင်းတွေကို သင့်ပတ်ဝန်းကျင်ကို ကူညီဖေးမစောင့်ရှောက်ကူညီပေးခြင်းအားဖြင့် ရရှိနိုင်တယ်။

**ကူညီပေးပါ**

သင့်ပတ်ဝန်းကျင်ကလူတွေ မပျော်ရွှင်ကြဘူးလား။ သင်ကပျော်ရွှင်ရယ်မောအောင် လုပ်ဆောင်ပေးလိုက်ပါ။ သူတို့ ကြည်နူးဝမ်းသာသွားအောင် ပြောဆို၊ လုပ်ကိုင် ဆောင်ရွက်ပေးလိုက်ပါ။ ဒီအတွက် ရာကြဲစဉ်းစားပြီး ကြိုးစားဖန်တီးရင်းပင်ပန်းရင်ပင်ပန်းပါစေ၊ စိတ်ထဲမှာတော့ ကြည်လင်နေလိမ့်မယ်။ ပေါ့ပါးနေလိမ့်မယ်။

ကိုယ့်ပတ်ဝန်းကျင်က လူတွေကို ပျော်ရွှင်စိတ်ချမ်းသာအောင် မဆောင်ရွက်မဖန်တီးနိုင်ရင် ဘာလုပ်မလဲ။

သူတို့ စိတ်ညစ်၊ စိတ်ပျက်၊ စိတ်ခတ်ကျ၊ အားငယ်၊ ကြောက်ရွံ့၊ မကျေနပ်ဖြစ်နေတဲ့ ခံစားချက်တွေကို သင့်တော်ဆီလျော်မယ့် နည်းလမ်းတွေနဲ့ သက်သာပျောက်ကင်းအောင် အားပေးဖြေသိမ့်ကူညီပေးရပါမယ်။

ဟာ ဖြစ်နိုင်ပါ့မလား။

လိုရင်ကြံဆနည်းလမ်းရတဲ့။ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ကြင်နာစာနာမှုနဲ့သာ ဖန်တီးလိုက်စမ်းပါ။ အောင်မြင်မှာသေချာပါတယ်။

လူတွေဟာ အများအားဖြင့် ကိုယ်ကျိုးစွန့်အနစ်နာခံ ပေးဆပ်ရမယ့် ကိစ္စရပ်တွေမှာ ဝန်လေးတတ်ကြပါတယ်။ သင်ဟာ သင့်ကိုယ်ကျိုးဘာမှမပါဘဲ သူတစ်ပါးအတွက် စဉ်းစားတယ်။ ကူညီတယ်။ ဖေးမအားပေးတယ်။ ကောင်းမွန်တဲ့အခြေအနေဖြစ်လာအောင် အချိန်ပေးပြီး တစ်မျိုးပြီးတစ်မျိုး၊ တစ်ခုပြီးတစ်ခု ပြုလုပ်ဖန်တီးတယ်။

ဒါကိုအထင်လွဲတဲ့လူ ရှိတတ်တယ်။ ရှိပါစေ။

ကျေးဇူးမသိသူတွေလည်း ရှိတယ်။ ရှိစေ။

ကျေးဇူးကန်းတတ်သူတွေများတယ်။ ထားပါ။

ကျေးဇူးမတင်ဘဲ ရန်တောင်လုပ်ချင်သေး။ သည်းခံလိုက်ပါ။

**စိတ်ရှည်ပါ**

အထက်စီးက မောက်မောက်မာမာတွေ ဆက်ဆံခံရတာကိုယ်မကြိုက်ဘူး။ ဒါပေမယ့် စိတ်ရှည်ပါနေဉ်။ လူတွေဟာ ဒီလိုမသိတတ်လို့ ငတ်မွတ် စုတ်ပြတ်သတ်ပြီး ဆင်းရဲမွဲတေကြရတာပဲ။ ကိုယ့် တစ်ကိုယ်စာ၊ ကိုယ့်အကျိုး ကိုယ့်အတွက် သက်သက်ကိုသာကွက်ပြီး စဉ်းစားတဲ့အကျင့်က ပါနေခဲ့ပြီ။ သူတစ်ပါးဘက်ကို ငဲ့ကြည့်ရကောင်းမှန်းတောင် နားမလည်တဲ့လူတွေ အများကြီးပဲ။

မိတ်ဆွေစာရေးဆရာတစ်ယောက် ဘာသာပြန်ဖူးတာလေးတစ်ခုကို သတိရတယ်။ အတိုချုံးပဲပြောပါမယ်။ သူက ကံကောင်းချင်ရင် စက်ရုံသုံးရုံတည်ပါတဲ့။

ဟာ ဒါတွေ ဘယ်လွယ်မှာတုံးလို့ စိတ်ထဲကပေါ်ရာ မပြောလိုက်ပါနဲ့ဦး။ ဆုံးအောင်ဖတ်စေလိုပါတယ်။ တင်စားချက်နဲ့ နားလည်လွယ်အောင် ပြောတာပါ။

**(၁) ခေါင်းထဲမှာရေခဲစက်ရုံတည်ပါတဲ့။**

ခေါင်းအေးအေးထားဖို့ပါ။

လောဘဖြစ်စရာတွေ့ရင် လောဘဖြစ်လာတယ်။ ဒေါသဖြစ်စရာကြုံရင် စိတ်မှာ ဒေါသထွက်လာတယ်။ မာန်တက်စရာဖြစ်လာတော့ မာနထောင်လွှား ခက်ထန်ချင်လာတယ်။ ခေါင်းအေးအေးထားပြီး စဉ်းစားလိုက်ရင် အကောင်းအဆိုး အကျိုးအပြစ်ကို ဆင်ခြင်မိနိုင်တာပေါ့။ ကိုယ်ရောစိတ်ပါ အေးချမ်းဖို့ အဖြေမှန်ကိုသိလာမှာပဲ။ လောဘဖြစ်စရာ အခွင့်အရေးပေးတိုင်း လောဘမကြီးတော့ဘူး။ ဒေါသဖြစ်စရာ တွေ့နေရပေမယ့် စိတ်မဆိုးတော့ဘူး။ ခေါင်းအေးအေးနဲ့ ရှုကြည့်နိုင်ရင် အန္တရာယ်ကင်းဝေးပြီး သဘာဝမွေ့အမှန် ရွေးချယ်ဆုံးဖြတ်တတ်လွယ်တာပေါ့။

**(၂) လျှာပေါ်မှာ သကြားစက်ရုံတည်ပါတဲ့။**

သူတစ်ပါးနဲ့ စကားပြောဆိုရာမှာ ချိုချိုသာသာ၊ ချေချေငံငံ ယဉ်ကျေးသိမ်မွေ့စွာ ပြောစေလိုတဲ့ သဘောပါ။ အချို့က စကားပြောရင် မာမာထန်ထန်နဲ့ ချဉ်ချဉ်တူးတူး။ သို့မဟုတ် စပ်ပူစပ်လောင် မာန်တထောင်ထောင် ပြောတတ်ရဲ့။ ပြောရတဲ့စကားမအောင်မြင်ပါဘူး။ အချို့လူတွေက စကားကို ပိသာလေးနဲ့ဘေးပစ်သလို နာကျင်အောင် ပြောချင်ကြတယ်။ အဆင်မပြေပါဘူး။ ဖွေ့စ်ဘွတ်ပေါ်မှာ ရိုင်းစိုင်းဆဲဆို။

ကိုယ်ပြောတဲ့စကား အောင်မြင်လိုရင် ချိုချိုသာသာ၊ ပျော့ပျော့ပျောင်းပျောင်း ပြောရမှာမဟုတ်လား။ ဒါကြောင့် လျှာပေါ်မှာ သကြားစက်ရုံတည်ပါလို့ ဆိုလိုတာပဲ။

**(၃) နှလုံးသားပေါ်မှာ မေတ္တာစက်ရုံတည်ပါ။**

မိသားစုပဲဖြစ်ဖြစ်၊ ဆွေမျိုးသားချင်းပဲဖြစ်ဖြစ်၊ ကျောင်းနေဖက်၊ သူငယ်ချင်းမိတ်ဆွေတွေပဲဖြစ်ဖြစ် ကောင်းတာတော်တာရှိကြသလို ညံ့ချက်ဆိုးကွက်တွေလည်း ရှိတတ်ကြတာပဲ။ လူဆိုတာ တိရစ္ဆာန်လိုသာ မရိုင်းစိုင်းတာ။ နတ်လိုတော့ အမြဲတစေမွန်မြတ်ဖြူစင်တဲ့ စိတ်ကောင်းနှလုံးကောင်းမရှိနိုင်။ လူတိုင်းမှာ ဘီလူးစိတ်လည်း ရှိတတ်တယ်။ လူစိတ်လည်း ရှိနေတယ်။ ဆုကြီးပန်များလို နတ်ကောင်းနတ်မြတ်ပမာ စိတ်ကောင်းရှိနိုင်တာလည်း ရှိချင်ရှိနိုင်တယ်။ ဘယ်သူမှတော့ အမြဲမကောင်းဘူး။ အမြဲလည်း ဆိုးမနေဘူး။ အခြေအနေ အချိန်အခါအလိုက် ပြုပြင်ပြောင်းလဲနေတာကိုး။

**မေတ္တာစက်ရုံ**

ကိုယ့်နှလုံးထဲမှာ မေတ္တာစက်ရုံကြီး တည်ထားလိုက်တော့ ဒေါသတွေကင်း၊ ခက်ထန်ရန်လိုခြင်းတွေကင်းရှင်း၊ စာနာမှု၊ ကြင်နာမှု၊ ကူညီမှု၊ နားလည်မှု၊ ဗြဟ္မစိုရ်တရားတွေပဲ နှလုံးသား မေတ္တာစက်ရုံက ထုတ်လုပ်နေတော့ အေးချမ်းကြည်လင်ပြီပေါ့။ စိတ်မှာ ပေါ့ပါးလွတ်လပ်ပြီး ပတ်ဝန်းကျင်ကို ဘယ်လိုများကောင်းကျိုးဆောင်ရပ့ါမလဲဆိုတဲ့ ကုသိုလ်စိတ်အမျိုးမျိုးသာ ထုတ်လုပ်ပြီး စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူ (သီလဝိသုဒ္ဓိ ရှိတော့ လုပ်ငန်းဆောင်တာချောမွေ့အောင်မြင်) စေတာပေါ့။

ရေခဲစက်ရုံ၊ သကြားစက်ရုံနဲ့ မေတ္တာစက်ရုံတွေ သင့်မှာ တည်နိုင်ပြီဆိုရင်တော့ မုချမသွေ ကံကောင်းခြင်းတွေ ဖန်တီးနိုင်ပေလိမ့်မယ်။

ပြင်ပကလာတဲ့ ကံတရားက အမြဲမကြာရှည်ဘူး။ ဘာလို့လဲဆိုတော့ သူက ကိုယ်နဲ့မသက်ဆိုင်လို့ပါပဲ။ ကံကောင်းခြင်းက လူတစ်ဦးရဲ့ မိမိကိုယ်တိုင်ကြိုးပမ်းအားထုတ်မှု၊ ဖန်တီးမှုနဲ့ပဲဆိုင်ပါတယ်။

> ❒ **ကံကောင်းခြင်းလက်ဆောင်တွေကတော့ မူလခရီးစဉ်အစီအစဉ်မှာ ပါခဲ့သည်ဖြစ်စေ၊ မပါခဲ့သည်ဖြစ်စေ သင်ဖန်တီးမှုဝေလို့ရတာကတော့ သေချာပါတယ်။ ဘဝရဲ့ကံကောင်းခြင်းတွေကို သင့်ပတ်ဝန်းကျင်ကို ကူညီဖေးမစောင့်ရှောက်ကူညီပေးခြင်းအားဖြင့် ရရှိနိုင်တယ်**
>
> ❒ **ကံကောင်းခြင်းဟာ စာရိတ္တကောင်းသူအတွက် အခွင့်အလမ်းတွေ မရေမတွက်နိုင်အောင် တန်းစီစောင့်နေပါတယ်**

ဒီတော့ အရှည်အကြာတာရှည်ခိုင်မာတယ်။

**ကံကောင်းချင်ရင်**

လူအများစုက ကံကောင်းချင်ကြတယ်။ ကံကောင်းခြင်းကို ပိုင်ဆိုင်ဖို့ရာ မျှော်လင့်ကြတယ်။ ဒါပေမယ့် လက်တွေ့ဆုံးဖြတ်ချက်ချပြီး ကြိုးစားတဲ့လူစားကတော့ ရှားတယ်။

ပတ်ဝန်းကျင်အခြေအနေမပေးလို့ သင်ကံမကောင်း အကြောင်းမလှဘူးလို့ ထင်မြင်ယူဆနေသလား။

သေသေချာချာ အချက်အလက် အမှန်အကန်ကို သုံးသပ်ပါ။ ဆန္ဒစွဲ အကြိုက်မပါစေနဲ့။ အကြောက်မပါစေနဲ့။ ပကတိအခြေအနေမှန်ကို မြင်ရပြီလား။

နည်းလမ်းက နှစ်ခု တွေ့ရမယ်–

(၁) ပတ်ဝန်းကျင်ကို ပြောင်းလဲအောင်လုပ်ရန် သို့မဟုတ်

(၂) ဒီပတ်ဝန်းကျင်မှ ထွက်ခွာပြီး သင့်တော်ဆီလျော်မယ့် ပတ်ဝန်းကျင်သို့ပြောင်းပါ။ ဒါပဲလေ။

ပတ်ဝန်းကျင်အသစ်ကို သေသေချာချာ ရွေးဖို့တော့လိုပါတယ်။ ပတိရူပဒေသဝါသစက်ဆိုတာ အတော်အရေးကြီးတဲ့ စက်တစ်ပါးပဲ။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားအတိုင်းပေါ့။

ပတ်ဝန်းကျင်အသစ်က ကိုယ်နဲ့မသင့်တော်ဘူးဆိုရင်တော့ သေချင်တဲ့ကျား တောပြောင်းတယ်ဆိုတာမျိုးလည်း ဖြစ်သွားနိုင်တယ်။ သတိထား။

ပတ်ဝန်းကျင်က မိမိကိုကောင်းကျိုးများများထောက်ပံ့ကူညီကြမှ ကိုယ့်ဘဝတိုးတက်ကြီးပွားရစမြဲဖြစ်ပါတယ်။ ပတ်ဝန်းကျင်က မိမိကိုချီးမြှောက်မ,စ မှသာလျှင် အောင်မြင်တယ်။ ချမ်းသာမယ်။ ဘဝမြင့်မားလာမယ်။ ပတ်ဝန်းကျင်ကို မဖျက်ဆီးချင်ပါနဲ့ဗျာ။

ကိုယ်စိုက်တဲ့အသီး၊ အပင်က အချိန်တန်တဲ့အခါ ကိုယ်တိုင်ရိတ်သိမ်းရလိမ့်မယ်။ ဘာသာတိုင်းက ဒီသဘောကို ဟောကြားသင်ပြတယ်။ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာတယ်။

ကောင်းတာလုပ်တော့ ကောင်းတာရမှာပဲ။ ဆိုးတာလုပ်ရင်တော့ အဆိုးတွေပဲ ပြန်ရမယ်။ မြတ်စွာဘုရားကလည်း ဟောတော်မူတယ်။

“သဒိသံ ပါကံ ဇနေတိ”

မိမိပြုလုပ်တဲ့ အကြောင်းကံအတိုင်းသာ တူညီမျှတဲ့ ကောင်းကျိုး၊ ဆိုးကျိုး အကျိုးတရားကို စံစားခံစားရပေမယ်။ ရှင်းပြီနော်ကိုယ့်လူ။

**ပတ်ဝန်းကျင်**

ကံကောင်းချင်ရင် ပတ်ဝန်းကျင်ကို မိမိကကောင်းအောင်ကူညီရမယ်။ ကောင်းကျိုးစီးပွားကိုဖြစ်ပေါ်စေမယ့် အကြောင်းကောင်းတွေကို ပါဝင်ဖြည့်ဆည်းပေးရမယ်။ သင့်တော်တဲ့ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်ရမှာကိုယ့်ရဲ့(လောကဟိတ၊ ပရဟိတ) အရေးကြီးတဲ့ အလုပ်တွေပါပဲ။ ပတ်ဝန်းကျင်လောက အနီးအဝေးက လူသားတွေ အဆင်ပြေကြအောင် ကောင်းကျိုးဆောင်လေလေ အဲဒါတွေကို လုပ်ဆောင်နေရင်းကပဲ ပျော်ရွှင်တာ၊ ကြည်နူးတာ၊ အားတက်တာ၊ စိတ်ချမ်းသာ ပျော်မြူးမိတာတွေဟာ ရလေလေ လက်တွေ့ခံစားရတဲ့ ပီတိတွေ၊ သုခတွေပါပဲ။

**ဒီနေ့စတင်**

ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် လုပ်ဆောင်ရာမှာ မိမိတစ်ဦးတစ်ယောက်တည်း တစ်ကိုယ်တော် အကောင်အထည်ဖော်လို့တော့ မလွယ်ဘူးဗျ။ မရနိုင်ဘူးလို့တော့ စကားကုန်အောင် မပြောလိုပါဘူး။

လူဆိုတာက အဆင်တူ အသွင်တူ အယူအဆနဲ့ ဆန္ဒတူသူတွေ စုပေါင်းပူးပေါင်းဆောင်ရွက်ကြရင် ပိုပြီးအောင်မြင်ပါတယ်။ ဒါကြောင့် လူ့သမိုင်းမှာ အသင်းအပင်းအဖွဲ့အစည်းတွေ အဆင့်ဆင့် ဖြစ်ပေါ်လာခဲ့ကြတာပါပဲ။

ပတ်ဝန်းကျင်ကို ဖန်တီးပြုပြင်ရမယ့် ပထမ စလုပ်ရမယ့်အလုပ်က (ဘာပဲဖြစ်ဖြစ်) ဒီကနေ့ပါပဲ။ စီးပွားရေးပဲဖြစ်ဖြစ်၊ ပညာရေးပဲဖြစ်ဖြစ်၊ ကုသိုလ်ရေးပဲဖြစ်ဖြစ် အခြေခံအကျဆုံး တည်ဆောက်ရမှာက မိမိရဲ့ ကိုယ်ကျင့်သီလပါ။ သင့်မှာ သီလမပါရင် သင်ဟာယုံကြည်ထိုက်သူ မဖြစ်နိုင်ဘူး။ သင့်မှာ ကိုယ်ကျင့်တရားကောင်းမရှိရင် ဘယ်သူကမှ ပေါင်းမှာလည်း မဟုတ်ဘူး။ (ဟာ... ကျွန်တော်ကျွန်မကြီးပွားတိုးတက်ဖို့ဟာ ကိုယ်ကျင့်သီလက စရမယ်ဆိုတာ တစ်ခါမှမတွေးမိခဲ့ဖူးဘူး ဆိုပါစို့) စာရိတ္တပျက်ယွင်းလို့ ဟိုးအမြင့်ကြီးရောက်နေပြီးမှ တလိမ့်ခေါက်ကွေး ကျလာတဲ့ လူတွေကို ကြည့်လိုက်။ ခိုင်မာတဲ့အနာဂတ် အောင်မြင်မှု ကံကောင်းခြင်းကို ရယူချင်ရင် လူတော်လူကောင်းခံယူထိုက်တဲ့ ကိုယ်ကျင့်သီလ စာရိတ္တကောင်းပါစေ။ သိပြီနော်။

**အကျင့်သီလ**

ကံကောင်းခြင်းဟာ စာရိတ္တကောင်းသူအတွက် အခွင့်အလမ်းတွေ မရေမတွက်နိုင်အောင် တန်းစီစောင့်နေပါတယ်။

သီလဝတော စေတော ပဏိဓိ ဝိသုဇ္ဈတ္တာ။

“အမှန်တကယ်သာ ကိုယ်ကျင့်သီလဖြူစင်ပါက လိုအင်ဆန္ဒမှန်သမျှ ဘာမဆို ရနိုင်ရောက်နိုင်တာပဲ”တဲ့။

*စာမျက်နှာ ၁၂ သို့*

# အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေးအမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၁၀ မှ*

ဒေသတွင်း ကံတူအကျိုးပေးမြန်မာ၊ တရုတ်၊ အိန္ဒိယတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှု ခြေလှမ်းများကား သိပ်မကွာလှ၍ လွတ်လပ်ရေး အောင်ပန်းကို ရယူဆွတ်ခူးရာတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရှေ့ဆင့်နောက်ဆင့်မျှသာ ကွာခြားခဲ့ကြသည်။

သို့တစေ လွတ်လပ်ပြီးခေတ် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင်မူ များစွာကွာဟသွားခဲ့လေသည်။ တရုတ်နှင့် အိန္ဒိယတို့သည် အင်အားကြီးနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သော်ငြား မြန်မာကား ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးအဆင့်မျှသာ။

### အခက်အခဲများစွာကြုံတွေ့

တရုတ်၊ အိန္ဒိယ၊ မြန်မာ သုံးနိုင်ငံစလုံးသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေများနှင့် လွတ်လပ်စနိုင်ငံများ၏ သဘာဝအတိုင်း အခက်အခဲများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။

အိန္ဒိယပြည်ကြီးက လွတ်လပ်ရေးရပြီးနောက် ပါကစ္စတန်၏ခွဲထွက်မှု၊ အိန္ဒိယ-တရုတ်စစ်ပွဲ၊ ဆင်းရဲမွဲတေမှုနှင့် ဇာတ်နိမ့်ဇာတ်မြင့် လူတန်းစားခွဲခြားမှု၊ ဟိန္ဒူ-မွတ်စလင် ဘာသာရေးပဋိပက္ခများ စသည့်စိန်ခေါ်မှုပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။

တရုတ်ပြည်ကြီးက မြေယာပြုပြင်ပြောင်းလဲရေး၊ မဟာခုန်ပျံကျော်လွှားမှုကြီး၊ ယဉ်ကျေးမှုတော်လှန်ရေးစသည့် ပေါ်လစီအမှားများကြောင့် အခက်အခဲကြုံတွေ့ခဲ့ကြရသည်။

မြန်မာပြည်က ဝါဒစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတို့ကြောင့် ပေါ်ပေါက်လာသော လွတ်လပ်ရေး၏ ဖွားဖက်တော် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်ပဋိပက္ခများ စသည့် ဝဲဩဃထဲတွင် ချာချာလည်ခဲ့ရသည်။

သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့သည် အတိတ်က အမှားအယွင်းများကို သင်ခန်းစာ ရယူတတ်ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်ခဲ့ကြသည်။ အမှားကို ဆင်ခြင်သည်။ အမှန်ကို ရှေးရှုသည်။ ရဲဝံ့စွာ လျှောက်လှမ်းသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ၁၉၇၈ ခုနှစ် (၁၁)ကြိမ်မြောက် ဗဟိုကော်မတီ တတိယစုံညီအစည်းအဝေးအတွင်း ရေးဆွဲခဲ့သော ပေါ်လစီများအတွင်း တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးသည် အခြေခံနိုင်ငံတော်ဝါဒပေါ်လစီ ဖြစ်လာခဲ့သည်။ တရုတ်ပြည်၏ ကံကြမ္မာသည် ထိုအချိန်ကစတင်ပြီး မိုးမြေသိမ့်သိမ့်တုန်မျှ အပြောင်းအလဲကြီးများ ဖြစ်ပေါ်ခဲ့သည်။

### မှိုင်ငြမ်းကိုးကားရာမှာ သတိထားဖို့လို

တရုတ်ပြည် ပြုပြင်ပြောင်းလဲရေးဗိသုကာ တိန့်ရှောင်ဖိန်က ၁၉၈၂ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော တရုတ်ပြည် ကွန်မြူနစ်ပါတီ (၁၂) ကြိမ်မြောက် ပြည်လုံးဆိုင်ရာ ကွန်ဂရက်ဖွင့်ပွဲအခမ်းအနားတွင် "ကျွန်တော်တို့ရဲ့ ခေတ်မီတည်ဆောက်ရေးဟာ လက်တွေ့က အစချီရမယ်။ တော်လှန်ရေးပဲဖြစ်ဖြစ်၊ တည်ဆောက်ရေးပဲဖြစ်ဖြစ် တိုင်းတစ်ပါးရဲ့ အတွေ့အကြုံကို လေ့လာရာနဲ့ မှိုင်ငြမ်းကိုးကားရာမှာ သတိထားဖို့လိုပါတယ်။ ဒါပေမယ့် တခြားနိုင်ငံရဲ့အတွေ့အကြုံဖြစ်ဖြစ်၊ ပုံစံဖြစ်ဖြစ်၊ ပုံတူကူးချတာဖြစ်ဖြစ် အတုံးလိုက် အတစ်လိုက် ပုံတူကူးချခြင်းဟာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ပါဘူး။ ဒီဘက်မှာ မနည်းလှတဲ့သင်ခန်းစာတွေ ကျွန်တော်တို့မှာ ရှိခဲ့ပြီးပါပြီ"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကမူ သက်တမ်းအားဖြင့် (၇၄)နှစ်ရှိခဲ့ချေပြီ။ သို့တစေ ပစ္စက္ခတိုင် အတိတ်သင်ခန်းစာများကို ရယူနိုင်ခဲ့ခြင်း မရှိသေးချေ။ လက်ရှိကာလတွင်လည်း ပြည်ပအားကိုး ပုဆိန်ရိုးများသည် ပြည်ပဩဇာခံ၍ အမိမြန်မာနိုင်ငံတော်ကို ကျရှုံးနိုင်ငံဖြစ်ရန် တစိုက်မတ်မတ်ကြံစည်လုပ်ဆောင်လျက် ရှိကြပြန်သည်။ ယခင်က အေးချမ်းသာယာခဲ့သော ဒေသအချို့သည် မီးဟုန်းဟုန်း တောက်လောင်လျက်ရှိသည်။ ဒေသခံပြည်သူအချို့သည် စစ်ဘေးရှောင်ဒုက္ခသည်များ ဖြစ်ကုန်သည်။ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြိုင်ဘက်ပါတီဝင်များစွာတို့သည် အကြမ်းဖက်သမားတို့၏ ပစ်မှတ်ဖြစ်လာပြီး လုပ်ကြံသတ်ဖြတ်ခြင်း ခံနေကြရသည်။

### အကြီးမားဆုံးခြေလှမ်းတစ်ရပ်

ဆိုရလျှင် မြန်မာသည် ရှေ့သို့လှမ်းရမည့်အစား နောက်ပြန်လှမ်းနေသည်။ ဒေသတွင်း အာဆီယံနိုင်ငံများကမူ ရှေ့သို့ ခပ်သုတ်သုတ်လှမ်းနေကြသည်။ အိမ်နီးချင်း လာအိုက ယခုရက်ပိုင်းအတွင်း မှာပင် အမေရိကန်ဒေါ်လာခြောက်ဘီလီယံတန်ဖိုးရှိ လာအို-တရုတ် ကျည်ဆန်ရထားလမ်းသစ်ကို ဖွင့်လှစ်ခဲ့သည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကူမင်းမြို့မှ လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်းအထိ ကီလိုမီတာပေါင်း ၁၀၀၀ ကျော်ရှည်လျားသည့် အဆိုပါ ရထားလမ်းကို တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ လာအိုက သူတို့၏ ပထမဆုံးကျည်ဆန်ရထားကို "လန်ချန်း"ဟု အမည်ပေးထားသည်။ အာရှ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ခေတ်မီကမ္ဘာကို လှမ်းခုန်ရောက်ရှိသွားသည့် အကြီးမားဆုံးခြေလှမ်းတစ်ရပ် ဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံဘက် မျက်နှာမူလှည့်ကြည့်ပြန်တော့ ဟနွိုင်းမြို့တော်၌ ဆယ်နှစ်ကြာ တည်ဆောက်ခဲ့သော မြို့ပတ်ရထားလမ်း စီမံကိန်းပြီးစီးသွား၍ နိုဝင်ဘာလ ၆ ရက်တွင် စတင်ပြေးဆွဲနေသည်။ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ခရီးစဉ်အစအဆုံးမှာ ၁၃ ကီလိုမီတာရှိသည်။ ဘူတာ ၁၂ ခုပါဝင်ပြီး ၂၃ မိနစ်သာကြာမြင့်သည်။ အမေရိကန်ဒေါ်လာ ၈၆၈ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက နိုဝင်ဘာလ ၂၄ ရက်တွင် အရှည် ၁၃၃၁ မီတာနှင့် အကျယ် ၁၃ ဒသမ ၅ မီတာရှိ မဲခေါင်မြစ်ကူးတံတားဖွင့်ပွဲကို ကျင်းပခဲ့သည်။ ရှစ်စင်းမြောက် မဲခေါင်မြစ်ကူးတံတားဟု ဆိုသည်။

ထိုနေ့တစ်ရက်တည်းမှာပင် ကုလသမဂ္ဂအထွေထွေညီလာခံက ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် နီပေါနိုင်ငံတို့ကို ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ (LDCS) အဆင့်မှ လွတ်မြောက်သွားခဲ့ကြောင်း အတည်ပြုလိုက်သည်။

၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့သော (၄၂) နှစ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (၉၆) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ခဲ့ရသည့် မြန်မာနိုင်ငံကတော့ လက်ရှိကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး စာရင်း ဝင်နိုင်ငံပေါင်း ၄၆ နိုင်ငံထဲတွင် ကျန်ရှိနေဆဲ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က ကျရောက်သော (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့တွင် ပေးပို့သည့်သဝဏ်လွှာ၌ "တိုင်းပြည်၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးပဋိပက္ခများကို အခြေခံသည့် ရိုက်ခတ်မှုကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား နိုင်ငံရေးဝါဒမတူညီမှု၊ အယူအဆ မတူညီမှုများနှင့် သံသယများ တိုးပွားစေပြီး လက်နက်ကိုင် ပဋိပက္ခများကိုဖြစ်ပေါ်စေခဲ့ပါသည်။ ထိုပဋိပက္ခများကို ဖြေရှင်းနေရခြင်းကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားများအားလုံး အေးအတူ၊ ပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ရင်း အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ပေးကြရမည် ဖြစ်ပါသည်"ဟု ဖော်ပြခဲ့သည်။

### သန္နိဋ္ဌာန်တစ်ရပ်ရှိဖို့သာလိုအပ်

သို့ဆိုလျှင် မြန်မာသည် မြန်မာနှင့်အတူ မရှေးမနှောင်း လွတ်လပ်ရေးရရှိခဲ့ကြသည့် တရုတ်၊ အိန္ဒိယနိုင်ငံကြီးများကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်၊ ချမ်းသာကြွယ်ဝအောင် အတိတ်သင်ခန်းစာများကို အလေးအနက်ဆင်ခြင်သုံးသပ်ကြရပါတော့မည်။ နိုင်ငံတစ်နိုင်ငံ၏ (၇၄) နှစ်သက်တမ်းဆိုသည်မှာ ဘာမျှမရှိသေးပါ။ အချိန်ရှိပါသေးသည်။ ပစ္စက္ခ (၇၄)နှစ်မြောက် လွတ်လပ်ရေးမှသည် အနာဂတ် ဖွံ့ဖြိုးရေးဆီသို့ဟူသည့် လေးနက်ခိုင်ကျည်သော သန္နိဋ္ဌာန်တစ်ရပ်ရှိဖို့သာ လိုအပ်ပါသည်။

အနာဂတ် မျိုးဆက်များအတွက် ကျွန်တော်တို့ လက်တွဲမဖြုတ်စတမ်း ကြိုးပမ်းကြပါစို့။ ။

*စာမျက်နှာ ၁၁ မှ*

အကျင့်မကောင်းဘဲနဲ့တော့ ကံကောင်းမှုက တာရှည်မခံဘူး။ ရွှေရည်စိမ်ခွက်က ကြေးညှိတက်တာတွေ ပေါ်ထွက်လာတဲ့အခါ ဝါဝါမြင်တိုင်း ရွှေမဟုတ်ဆိုတဲ့ သင်ခန်းစာ ဖော်ထုတ်နိုင်လာတာပေါ့။ ကံကောင်းခြင်းဟာ မိမိကိုယ်တိုင် မလဲမမှောက်အောင် ဟန်ချက်ကောင်းကောင်း ထိန်းနိုင်ရမယ်။

မိမိကိုယ်ကို ထိန်းကျောင်းနိုင်ဖို့လိုတယ်။ အတ္တာသမ္မာပဏီဓိစ မင်္ဂလာတဲ့။

ကံကောင်းခြင်းကို သင်ဖန်တီးနိုင်ပါတယ်။

**၁။ ပတ်ဝန်းကျင် လောကကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် ပါဝင်ပါ။** ဗုံးမခွဲပါနဲ့၊ မီးမရှို့ပါနဲ့၊ တံတားတွေလမ်းတွေကို မဖျက်ဆီးပါနဲ့။ လူမသတ်ပါနဲ့။ ဘဏ်တွေ၊ ငွေတိုက်တွေကို မလုယက်ပါနဲ့။

**၂။ မိဘဆွေမျိုး ကိုယ့်လူမျိုးကို စောင့်ရှောက်ပါ။** ကူညီပါ။ ကာကွယ်ပါ၊ အကျိုးပြုပါ။ ကိုယ့်လူမျိုး ရပ်သူရွာသားတွေကို မနှိပ်စက်ပါနဲ့။ အနိုင်မကျင့်ပါနဲ့။

**၃။ မိမိကိုယ်တိုင် လိမ္မာယဉ်ကျေးသူ၊ စာရိတ္တကောင်းသူဖြစ်အောင် ပြုပြင်ပါ။** ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းဖြင့် လူတော်လူကောင်းတွေများတဲ့ ပတ်ဝန်းကျင်မှာ ကိုယ့်ဘဝလည်း ရေမြင့်လို့ ကြာတင့်သလို ကံကောင်းခြင်းတွေ ရရှိမယ်။

ဟောဗျာ စည်းကိုဖောက်ပါ။ ကမ်းကိုကျော်ပါ။ ဥပဒေကို ဆန့်ကျင်ပါ။ ကိုယ်ကျင့်တရား ပျက်ပါစေ၊ ငါးပါးသီလဆိုတာ မလိုပါဘူးဆိုတဲ့ လူစားတွေရဲ့အဖို့မှာတော့ သူ့လမ်းသူသွားကြပါစေ။

"စည်းတွင်းမှာနေ၊ ကင်းကွေ့လိမ့်ရန်ဘေး။
ကမ်းကိုကျော် ချော်ကာကျ၊ များလှရန်ဘေး"။

**မင်းသုဝဏ်(၁၉၀၉-၂၀၀၄)**

၂၀၁၆ မှ ၂၀၁၈ အတွင်း နိုင်ငံတော်သမ္မတ လုပ်သွားခဲ့သူ ဦးထင်ကျော်ရဲ့ ဖခင် ဦးဝန် (၁၉၀၉-၂၀၀၄) ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (အငြိမ်းစား)က ရေးခဲ့တဲ့ ဒွေးချိုးကဗျာလေးပါဗျာ။ "စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ၊ ဥပဒေတွေကို ကျော်မိပြီ၊ ချော်ခဲ့ပြီဆိုရင်တော့ ဘေးရန်များပေလိမ့်မယ်နော်"တဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်က သတိပေးခဲ့ပါရဲ့။ ဒါတွေကိုသာ တကယ်ပြုပြင်ပြောင်းလဲမယ်ဆိုရင် ကံကောင်းခြင်းဟာ လာမှာပဲပေါ့။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြု ပေးချေရေးဆိုင်ရာ ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

**မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြု ပေးချေရေးဆိုင်ရာ ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရှိ မင်္ဂလာခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။**



အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် အသင်းချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ Industrial and Commercial Bank of China (ICBC) နှင့် Bank of China (BOC) နိုင်ငံခြားဘဏ်ခွဲများမှ တာဝန်ရှိသူများ၊ ပို့ကုန်/သွင်းကုန်ဆိုင်ရာ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြု ပေးချေရေးဆိုင်ရာ ရည်ရွယ်ချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ ICBC နှင့် BOC တို့မှ တာဝန်ရှိသူများက ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များက ဘဏ်လုပ်ငန်းဆိုင်ရာ အစီအစဉ်များ၊ ငွေပေးချေမှု နည်းလမ်းများ၊ အဆိုပြုရမည့်ငွေလဲလှယ်နှုန်းများ၊ နယ်စပ်ကုန်သွယ်ရေးအတွက် ရယူရမည့် ကုန်သွယ်မှုဆိုင်ရာ အထောက်အထားများ၊ ဘဏ်စရိတ်နှုန်းထားများ၊ ငွေကြေးထောက်ပံ့မှု အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ကော်မရှင်နှင့် နိုင်ငံရေးပါတီများ စတုတ္ထအကြိမ်မြောက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလနှင့် အောက်တိုဘာလများတွင် တွေ့ဆုံခဲ့ချိန်၌ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ဆွေးနွေးခဲ့ကြရာ နိုင်ငံရေးပါတီများကလည်း စာတမ်းများ တင်ပြဖတ်ကြားခဲ့သကဲ့သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ဆောင်ရွက်သင့်သည့် အခြေခံအချက်များကို အကျယ်တဝင့် ရှင်းလင်းခဲ့ပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် နိုင်ငံရေးပါတီများက တင်ပြခဲ့သည့် စာတမ်းများကို အလေးထားလေ့လာခဲ့ပြီး နိုင်ငံရေးပါတီအချင်းချင်းဆွေးနွေးညှိနှိုင်းရန်၊ အချိန်ပေးကာ တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ရန် နိုဝင်ဘာ ၂၂ ရက်က အကြောင်းကြားပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့တွင် အစုအဖွဲ့အလိုက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များအတွက် PR စနစ်အရ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲဒီဇိုင်းကို နှစ်ရက်တာအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် မူဘောင်အတွင်းမှ ဆွေးနွေးညှိနှိုင်း၍ သုံးရက်မြောက်နေ့တွင် အစုအဖွဲ့အလိုက်ဆွေးနွေးရရှိလာသည့် PR စနစ် ရွေးကောက်ပွဲ ဒီဇိုင်းစာတမ်းတစ်စောင်စီကို ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း။

လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်ရန် ဆောင်ရွက်ကြရာတွင် သာတူညီမျှ ယှဉ်ပြိုင်နိုင်သောအခြေအနေကို ဖန်တီးပေးရန် လိုအပ်သကဲ့သို့ ဥပဒေနှင့် ညီညွတ်မှုရှိရန်ကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မှန်ကန်မှသာ ပြည်သူအများကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များ ဖော်ဆောင်ခြင်း၊ ရွေးကောက်ပွဲနယ်မြေများ သတ်မှတ်ခြင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်းတို့ ဆောင်ရွက်ရာတွင် PR စနစ်ကို ကျင့်သုံးခြင်းဖြင့် ပါတီအများအပြားသည် ရွေးကောက်ပွဲတွင် ရရှိသည့် ဆန္ဒမဲများအရ အချိုးကျ ကိုယ်စားလှယ်များရရှိကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စု ပါတီငယ်လေးများ၏ ကိုယ်စားလှယ်များ လွှတ်တော်သို့ ဝင်ရောက်နိုင်သည့် အခွင့်အရေးကိုလည်း ရရှိလာမည်ဖြစ်ပြီး မဲဆန္ဒရှင်အများစု၏ အခွင့်အရေးရရှိမည့်အပြင် မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ အခွင့်အရေးလည်း ရရှိမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အားလုံးပါဝင်ဆောင်ရွက်မှု (All Inclusive) သဘောတရားအား ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးလွှမ်းမိုးမှုကို လျှော့ချပြီး ပါတီစုံပါဝင်နိုင်ခြင်းဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိုင်ငံတော်အခြေခံမူဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ (၃)ကြိမ်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည့် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၃) ကြိမ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ (၂)ကြိမ်တို့တွင် မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP) ကို ကျင့်သုံးခဲ့သော်လည်း ပြောင်းလဲလာသည့် ခေတ်အခြေအနေအရ မြန်မာနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသင့်လျော်သော ရွေးကောက်ပွဲစနစ်မျိုးကို ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း အချိုးကျကိုယ်စားပြုစနစ်ဖြင့် လွှတ်တော်ရွေးကောက်ပွဲများကျင်းပသည့် နိုင်ငံပေါင်း (၁၁၁) နိုင်ငံ ရှိလာပြီဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ သဘောတူညီခဲ့ပြီးဖြစ်သည့် PR စနစ်ဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များတွင် လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဒီဇိုင်းကို အကျေအလည်ညှိနှိုင်းပြီး ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ (၆၂) ပါတီ၊ ဆွေးနွေးမည့်သူ (၁၁၅) ဦးကို အစုအဖွဲ့ (၆) ဖွဲ့အနေဖြင့် ပြည်သူ့လွှတ်တော် (၂) ဖွဲ့၊ အမျိုးသားလွှတ်တော် (၂) ဖွဲ့၊ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော် (၂) ဖွဲ့စီဖြင့် ပါတီအကြီးအငယ်အလိုက် မျှတရန် စုဖွဲ့ထားကြောင်း၊ အစုအဖွဲ့အလိုက် ဆွေးနွေးကြရာတွင် အဆင်ပြေစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် အထောက်အကူပြုရုံးဝန်ထမ်းများက ဝိုင်းဝန်းကူညီပေးသွားကြမည်ဖြစ်ကြောင်း၊ အဖွဲ့လိုက်ဆွေးနွေးရာတွင်လည်း မိမိပါတီသဘောထားကို တရားသေ ဆုပ်ကိုင်ထားခြင်းထက် အကြံဉာဏ်ကောင်းများ ဖလှယ်ခြင်း၊ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းတို့ဖြင့် ကောင်းမွန်သော ရွေးကောက်ပွဲစနစ်များ ရရှိလာနိုင်မည်ဟု ယုံကြည်ကြောင်း။



မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော်သာ ရှိခဲ့သည့်အလျောက် ဒီမိုကရေစီကို အကြောင်းပြု၍ ရှုထောင့်အမျိုးမျိုးဖြင့် ဝင်ရောက်ခြယ်လှယ် လွှမ်းမိုးချုပ်ကိုင်ရန် ဆောင်ရွက်မှုများ၊ ပါတီတစ်ခုတည်းကသာ ရွေးကောက်ပွဲ အနိုင်ရလိုပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပယ်ဖျက်ခဲ့ရသည်အထိ ဖြစ်ပွားခဲ့ရသည်ကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ ပထဝီဝင်အနေအထားအရ ပြောင်းလဲကျင့်သုံးလာသည့် ပထဝီနိုင်ငံရေး၏ အရေးပါမှုအပေါ် အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကိုလည်း သတိပြုဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ ဒီမိုကရေစီကျင့်သုံးရာတွင် အများဆန္ဒဖြင့် ဆောင်ရွက်ကြသော်လည်း အခြေခံအကျဆုံးဖြစ်သည့် တရားဥပဒေကို စောင့်ထိန်းလိုက်နာကျင့်သုံးခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ အမှန်တရားကို လက်ခံပြီး ဖြောင့်မတ်တည်ကြည်ခြင်း စသည့်အခြေခံအချက်များကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပါတီနိုင်ငံရေးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ တည်ဆဲဥပဒေများကို လိုက်နာနိုင်ရန်နှင့် မိမိတိုင်းပြည်၊ လူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးစံများနှင့် ဆီလျော်သည့် ရွေးကောက်ပွဲစနစ်မျိုး ဖော်ဆောင်နိုင်ရေး အလေးထားဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပပြီးနောက် ဒုတိယပိုင်းအစီအစဉ်အဖြစ် နိုင်ငံရေးပါတီအစုအဖွဲ့ (၆)ဖွဲ့တို့က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တို့အတွက် PR စနစ်အရ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲဒီဇိုင်းများကို ဆက်လက်ဆွေးနွေးကြပြီး **(အပေါ်ပုံ)** ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်သစ်နှင့် အီတလီနိုင်ငံတို့၌ ကိုဗစ်–၁၉ နေ့စဉ်ကူးစက်မှု သောင်းချီများပြား



အီတလီနိုင်ငံ၌ ခရစ္စမတ်ကာလ နီးကပ်လာသည်နှင့်အမျှ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကာ သွားလာလှုပ်ရှားနေသည့် လူအုပ်ကြီးကို တွေ့ရစဉ်။

**ပါရီ ဒီဇင်ဘာ ၂၄**

ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံတို့၌ ကိုဗစ် -၁၉ နေ့စဉ်ကူးစက်မှုများမှာ စံချိန်တင်များပြားလျက်ရှိသည်။ ပြင်သစ်နိုင်ငံတွင် ဒီဇင်ဘာ ၂၃ ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၉၁၆၀၈ ဦးရှိပြီး အီတလီနိုင်ငံတွင်မူ ၄၄၅၉၅ ဦးရှိသည်။ တခြားသော တိုင်းပြည်များကဲ့သို့ပင် ကူးစက်မှုမြန်ဆန်သည့် အိုမီခရွန်ကူးစက်မှုမှာ ပြင်သစ်နိုင်ငံတွင် ပျံ့နှံ့နေပြီဟု ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗီယာ ဗီယန်က ပြောသည်။

ထို့ပြင် နေ့စဉ်ကူးစက်မှုနှုန်းမှာလည်း နှစ်ရက်လျှင် နှစ်ဆတိုးလျက်ရှိသည်။ မကြာမီအချိန်အတွင်း နေ့စဉ်ကူးစက်မှုမှာ ၁၀၀၀၀၀ ကျော်လွန်လာမည်ဟုလည်း ၎င်းက ခန့်မှန်းထားသည်။

အသွားအလာကန့်သတ်ခံရသည့် ဦးရေများပြားလာသည့်အတွက် အများပြည်သူဝန်ဆောင်မှုကဏ္ဍတွင်လည်း အလုပ်သမားများ ပြတ်လပ်မှုများပြားလာသည့်အတွက် စိုးရိမ်မိသည်ဟု ၎င်းက ဆက်ပြောသည်။

ထို့ကြောင့် အစိုးရသည် လူနာကူးစက်ခံရပြီးနောက် အသွားအလာစောင့်ကြည့်ကန့်သတ်သည့်ကာလကို ၁၀ ရက်ဟု ပြောင်းလဲသတ်မှတ်ရန် စဉ်းစားထားသည်ဟုလည်း ၎င်းကဆက်ပြောသည်။

အလုပ်သမားပြတ်လပ်မှုမှ အကာအကွယ်ပေးနိုင်ရေးအတွက် ဗြိတိန်နိုင်ငံသည် အသွားအလာကန့်သတ်စောင့်ကြည့်မှုကာလကို ၁၀ ရက်မှ ၇ ရက်အထိ လျှော့ချရန် ဆုံးဖြတ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## မီရက်ခ် ကိုဗစ် -၁၉ သောက်ဆေးကို အမေရိကန်အက်ဖ်ဒီအေက ခွင့်ပြုချက်ပေး

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အမေရိကန်ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် မီရက်ခ်မှ ထုတ်လုပ်သော ကိုဗစ်–၁၉ သောက်ဆေးများကို အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (အက်ဖ်ဒီအေ)မှ ခွင့်ပြုချက်ပေးခဲ့သည်။

အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်–၁၉ အပျော့စားရောဂါလက္ခဏာ ခံစားရသူများကို အဆိုပါဆေးအသုံးပြုခွင့်ပေးရန် အက်ဖ်ဒီအေက ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါဆေးသည် ခန္ဓာကိုယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်များ အဆတိုးလာခြင်းကို ကာကွယ်ပေးသည်ဟု သိရသည်။

မီရက်ခ်ကုမ္ပဏီကြီးသည် လူနာပေါင်း ၃ ဒသမ ၁ သန်းအတွက် ဆေးဝါးထောက်ပံ့ပေးရန် အမေရိကန်အစိုးရနှင့် သဘောတူထားသည်။ ကိုဗစ် -၁၉ ရောဂါလက္ခဏာပြင်းထန်သည့် လူနာများဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် အက်ဖ်ဒီအေက ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်သည်။

လူနာအတွက် အဆိုပါ ဆေးသောက်သုံးခြင်းဖြင့် ဆိုးကျိုးထက်ကောင်းကျိုးက အလေးသာသည်ဟု ကျန်းမာရေးစောင့်ရှောက်သူက ဆုံးဖြတ်ပြီးမှသာ ကိုယ်ဝန်ဆောင်များအတွက် ခွင့်ပြုချက်ပေးသွားမည်ဟု အက်ဖ်ဒီအေက ပြောသည်။ **အင်န်အိတ်ချ်ကေ**




အမေရိကန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် မီရက်ခ်။

## အီကွေဒေါနိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးရန် အမိန့်ထုတ်

**ကွီတို ဒီဇင်ဘာ ၂၄**

အီကွေဒေါနိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးရန် အမိန့်ထုတ်ထားကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၃ ရက်တွင် ကြေညာခဲ့သည်။

ကိုဗစ် -၁၉ ကူးစက်မှုများပြားလာခြင်းနှင့် ကိုဗစ်–၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်မှုကို စိုးရိမ်သည့်အတွက် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကိုဗစ်–၁၉ နှင့် ဗီဇပြောင်းကူးစက်မှုများ၏အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးကြရန်လည်း ပြည်သူများကို တိုက်တွန်းထားသည်။



အီကွေဒေါနိုင်ငံ ကွီတိုမြို့၌ ဒီဇင်ဘာ ၂၃ ရက်က ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

အပြည်ပြည်ဆိုင်ရာတွင် ကိုဗစ်–၁၉ ကူးစက်မှုများပြားလာပြီး ဆေးရုံများတွင် ဝန်ပိလာမှုများ ဖြစ်ပေါ်နေသည့်အတွက် ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အီကွေဒေါနိုင်ငံသည် ဇန်နဝါရီလမှစတင်ကာ လူပေါင်း ၁၂ ဒသမ ၄ သန်းကို ကာကွယ်ဆေးအပြည့်ထိုးပေးနိုင်ခဲ့ပြီး အသက် ငါးနှစ်နှင့်အထက် တိုင်းပြည်လူဦးရေ၏ ၇၇ ဒသမ ၂၃ ရာခိုင်နှုန်းကို ပစ်မှတ်ထားကာ ကာကွယ်ဆေးထိုးပေးခဲ့ခြင်းဖြစ်သည်။

တိုင်းပြည်လူဦးရေ၏ ၈၅ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားသည်။ ဒီဇင်ဘာ ၂၂ ရက်အထိ အီကွေဒေါနိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၅၃၉၀၃၇ ဦးရှိသည်။

ဒီဇင်ဘာ ၂၃ ရက်မှစတင်ကာ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများသို့ သွားသည့်အခါ ကာကွယ်ဆေးအပြည့်ထိုးပြီးကြောင်း လက်မှတ်ပြသရန် လိုအပ်လာပြီဖြစ်သည်။

**ဆင်ဟွာ**

## ယီမင်နိုင်ငံအပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ရန် အကြီးအကဲအသစ် ကုလခန့်အပ်

**ဂျီနီဗာ ဒီဇင်ဘာ ၂၄**

ဟူဒေးဒါးသဘောတူညီမှုကို ထောက်ပံ့ပေးရန်နှင့် ကုလအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ပြန်လည်နေရာချထားရေးညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌအဖြစ် အိုင်ယာလန်နိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ်မိုက်ကယ်ဘယ်ရီကို ခန့်အပ်ထားသည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် က ဒီဇင်ဘာ ၂၃ ရက်တွင် ကြေညာခဲ့သည်။

၎င်းသည် အာဖဂန်နစ္စတန်၊ ဘော့စနီးယားတို့ အပါအဝင် နိုင်ငံရပ်ခြားတွင် ၁၀ နှစ်ကျော် တာဝန်ကျခဲ့သူလည်းဖြစ်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လက်ဘနွန်ရှိ ကုလသမဂ္ဂ ယာယီတပ်ဖွဲ့တွင် တပ်ဖွဲ့မှူးအဖြစ် တာဝန်ယူခဲ့သူလည်းဖြစ်သည်။

ပြန်လည်နေရာချထားရေး ညှိနှိုင်းရေးကော်မတီသည် ကုလသမဂ္ဂမှ ဖွဲ့စည်းထားသည့် ပြည်သူ့လေ့လာရေးမစ်ရှင်ဖြစ်ပြီး ယီမင်နိုင်ငံ အပစ်အခတ်ရပ်စဲရေးအတွက် ဖွဲ့စည်းထားခြင်းလည်းဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်ခံရသူ ၆၆၅၀ ထပ်မံတွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂၄**

အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာ ၂၄ ရက်က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၆၆၅၀ တိုးလာပြီးနောက် စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၃၄၇၇၂၆၂၆ ဦးအထိ ရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် ဒီဇင်ဘာ ၂၃ ရက်နံနက်ပိုင်းတွင် သေဆုံးသူဦးရေ ၃၇၄ ဦး တိုးလာရာ သေဆုံးသူဦးရေမှာလည်း ၄၇၉၁၃၃ ဦးရှိလာသည်။ လက်ရှိနိုင်ငံအတွင်း ရောဂါကူးစက်ခံထားရသူ ၇၇၅၁၆ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူဦးရေမှာလည်း ၃၄၂၁၅၉၇၇ ဦးရှိသည်။

ထိုစဉ် တိုင်းပြည်အတွင်း အိုမီခရွန်ကူးစက်ခံရသူ ဦးရေမှာလည်း ၃၅၈ ဦးရှိပြီး မဟာရက်ရှ်ထရာပြည်နယ်တွင် အိုမီခရွန်ကူးစက်ခံရသူ ၈၈ ဦးနှင့် ဒေလီတွင် အိုမီခရွန်ကူးစက်ခံရသူ ၆၇ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ဒီဇင်ဘာ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၃ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၆ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၄၈ ဦးရှိ**

### ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုး နိုင်ငံပေါင်း ၁၀၉ နိုင်ငံ ပျံ့နှံ့

(၂၄-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄–၁၂–၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၁၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁၃) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၇၆) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၆၂,၉၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၉,၃၂၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၆,၇၆၄) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၄၈) ဦး ရှိ**ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၄–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၀၈) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၀) ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၂) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၁) ခု | (၅) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၃) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၁၉) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၃) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈.၀၉၁) ခု | (၁၆၆) ဦး |
| **စုစုပေါင်း** | (၁၂,၁၂၇) ခု | (၂၁၃) ဦး |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၄–၁၂–၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၀၉) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၁၅၂,၉၉၂) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျ ရရှိလာသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၄-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၇၈၈၄၅၁ | ၄၀၉၆၄၉၉၃ | ၈၃၄၄၅၅ |
| ၂။ | အိန္ဒိယ | ၃၄၇၇၂၆၅၇ | ၃၄၂၁၅၉၇၇ | ၄၇၉၁၃၃ |
| ၃။ | ဘရာဇီး | ၂၂၂၂၆၅၇၃ | ၂၁၄၁၄၃၁၈ | ၆၁၈၂၂၈ |
| ၄။ | ဗြိတိန် | ၁၁၇၆၇၂၆၂ | ၉၉၆၁၃၆၉ | ၁၄၇၇၂၀ |
| ၅။ | ရုရှား | ၁၀၃၄၃၃၅၃ | ၉၁၈၀၃၇၉ | ၃၀၂၂၆၉ |
| ၆။ | တူရကီ | ၉၂၄၇၆၀၆ | ၈၈၈၀၀၅၀ | ၈၁၁၂၅ |
| ၇။ | ပြင်သစ် | ၈၈၈၉၆၃၆ | ၇၇၀၁၂၇၂ | ၁၂၂၉၅ |
| ၈။ | ဂျာမနီ | ၆၉၅၄၅၄၉ | ၆၀၄၈၀၀၀ | ၁၁၀၆၃၆ |
| ၉။ | အီရန် | ၆၁၈၁၇၈၄ | ၆၀၂၂၁၅၀ | ၁၃၁၃၀၆ |
| ၁၀။ | စပိန် | ၅၇၁၈၀၀၇ | ၅၀၀၂၃၁၀ | ၈၉၀၁၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၄- ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၁၄၁၂ | ၄၁၁၂၇၀၆ | ၁၄၄၀၄၇ |
| ဖိလစ်ပိုင် | ၂၈၃၈၀၃၂ | ၂၇၇၇၆၆၁ | ၅၁၀၅၀ |
| မလေးရှား | ၂၇၃၁၇၁၃ | ၂၆၅၂၅၈၅ | ၃၁၂၆၅ |
| ထိုင်း | ၂၂၀၄၆၇၂ | ၂၁၄၄၉၅၂ | ၂၁၅၂၈ |
| ဗီယက်နမ် | ၁၆၂၀၈၆၉ | ၁၂၁၅၂၆၁ | ၃၀၇၆၆ |
| မြန်မာ | ၅၂၉၃၂၇ | ၅၀၆၇၆၄ | ၁၉၂၄၈ |
| စင်ကာပူ | ၂၇၇၀၄၂ | ၂၇၂၆၇၅ | ၈၂၀ |
| ကမ္ဘောဒီးယား | ၁၂၀၄၄၀ | ၁၁၆၈၄၅ | ၃၀၀၇ |
| လာအို | ၁၀၄၃၇၃ | ၉၂၆၈၇ | ၃၀၅ |
| ဘရူနိုင်း | ၁၅၄၂၉ | ၁၅၁၈၉ | ၉၈ |

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ဘရာဇီးနိုင်ငံ)

ဆုဝေ

### ဘရာဇီးနိုင်ငံ ဖွဲ့စည်းပုံ

ဘရာဇီးနိုင်ငံကို ပြည်နယ် ၂၆ ခု၊ ဖက်ဒရယ်ခရိုင် တစ်ခု၊ မြူနီစီပယ်ဒေသ ၅၅၇၀ ဖြင့် ဖွဲ့စည်းထားပါသည်။ ဖက်ဒရယ်ခရိုင်ဖြစ်သည့် ဘရားဇီးလီးယားသည် ဘရာဇီးနိုင်ငံ၏ မြို့တော်ဖြစ်သည်။ ယခင်က ရီယိုဒီဂျနေယိုးသည် မြို့တော်ဖြစ်ပြီး ၁၉၆၀ ပြည့်နှစ်တွင် မြို့တော်သစ်တည်ထောင်ခဲ့ပြီးနောက်တွင် Brasi'lia သည် မြို့တော်ဖြစ်လာသည်။ ကမ္ဘာတွင် ငါးနိုင်ငံမြောက် အကြီးဆုံးနိုင်ငံဖြစ်ပြီး ခြောက်နိုင်ငံမြောက် လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် လူဦးရေ ခန့်မှန်းချက်အရ ၂၁၂ ဒသမ ၆ သန်းရှိပြီး မြူနီစီပယ် မြို့တော်တစ်ခုလျှင် ပျမ်းမျှ ၃၇၇၂၈ ဦးနှုန်းဖြင့် နေထိုင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဥရောပနှင့် ကနေဒါမှ ရွှေ့ပြောင်းနေထိုင်သူများပြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် ဖက်ဒရယ်သမ္မတနိုင်ငံဖြစ်သည်။ ဖက်ဒရယ်ခရိုင်၊ ပြည်နယ်၊ မြူနီစီပယ် ဒေသများတွင် အစိုးရအဆင့်ဆင့်ကြား ဖက်ဒရယ်ပုံစံဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်သည်။ ဖက်ဒရယ်နိုင်ငံဆိုသည်မှာ ဖက်ဒရယ်ပြည်နယ်များအကြား အာဏာခွဲဝေ အုပ်ချုပ်ခြင်းဖြစ်သည်။ ပြည်နယ်တစ်ခုစီတွင် ဥပဒေပြုလွှတ်တော်တစ်ရပ်စီရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဖက်ဒရယ်နိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားချမှတ်ထားသော ဥပဒေများနှင့် အုပ်ချုပ်သည်။ ဖက်ဒရယ်အစိုးရတွင် အုပ်ချုပ်ရေး၊ ဥပဒပြုရေး၊ တရားစီရင်ရေးဟူ၍ အပိုင်း သုံးပိုင်းခွဲ၍ အုပ်ချုပ်သည်။

### ဘရာဇီးနိုင်ငံရွေးကောက်ပွဲသမိုင်း

၁၈၉၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ဘရာဇီးသမ္မတရွေးကောက်ပွဲသည် ပထမဆုံးဖြစ်သည်။ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဘရာဇီးနိုင်ငံ၏ နိုင်ငံရေးပါတီဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲခဲ့သည်။ လက်ရှိတွင် ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲဥပဒေကိုအခြေခံ၍ လိုအပ်ချက်များကို လွှတ်တော်တွင် ဆွေးနွေးပြင်ဆင်လျက်ရှိသည်။

### ရွေးကောက်တင်မြှောက်ခြင်း

ဘရာဇီးနိုင်ငံတွင် သမ္မတ၊ လွှတ်တော် (၂) ရပ် (အထက်လွှတ်တော်နှင့် အောက်လွှတ်တော်)၊ အစိုးရအဖွဲ့၊ ပြည်နယ်/ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြူနီစီပယ်အုပ်ချုပ်ရေးမှူးများ (မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ မြို့တော်ကောင်စီဝင်များ)ဖြင့် အုပ်ချုပ်သည်။ သမ္မတ၊ လွှတ်တော် နှစ်ရပ် (အထက်လွှတ်တော်နှင့် အောက်လွှတ်တော်)၊ ပြည်နယ်/ ခရိုင်အုပ်ချုပ်ရေးမှူးများ ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။ သက်တမ်းမှာ လေးနှစ်ဖြစ်သောကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကျင်းပရန် လျာထားသတ်မှတ်သည်။ ဘရာဇီးနိုင်ငံ၏ လွှတ်တော်အမတ်အများစုသည် ယခင်က မြို့တော်ဝန်များ၊ ဝန်ကြီးများ၊ အုပ်ချုပ်ရေးမှူးများ၊ သမ္မတ၊ ဒုတိယသမ္မတနေရာများတွင် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည့်အတွက် နိုင်ငံရေးအတွေ့အကြုံရှိကြသည်။




ဘရာဇီးနိုင်ငံ၏ တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း

### သမ္မတ

သမ္မတကို လေးနှစ်တစ်ကြိမ် မဲအများစုကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်သည်။ ပယ်မဲမပါဘဲ မဲအများဆုံးရသော ကိုယ်စားလှယ်လောင်းကို ရွေးချယ်ပြီး မဲအများဆုံးရသူ မရှိပါက ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ရသည်။ ရွေးကောက်ပွဲတွင် သမ္မတအဖြစ် ဆက်တိုက် တစ်ကြိမ်သာ ပြန်လည်ရွေးကောက်ခံပိုင်ခွင့်ရှိသည်။ သမ္မတသည် လွှတ်တော်နှစ်ရပ်နှင့် ပူးပေါင်းဆောင်ရွက်ရပြီး ဝန်ကြီးများကို ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်းများ ပြုလုပ်နိုင်သည်။ ဥပဒေပြုရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ပြီး ဗီတိုအာဏာ ကျင့်သုံးနိုင်သည်။ နိုင်ငံခြားတိုင်းပြည်များနှင့် စာချုပ်ချုပ်ဆိုခြင်း၊ သံတမန်များ လက်ခံခြင်းနှင့် တိုင်းပြည်ကာကွယ်ရေးအမိန့်များကို ထုတ်ပြန်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခုံတရားသူကြီး၊ ရှေ့နေချုပ်၊ ကောင်စီအဖွဲ့ဝင်များ ခန့်ထားနိုင်သည်။ အမျိုးသားကွန်ဂရက်နှင့် အတည်ပြုပြီး စစ်ကြေညာနိုင်သည်။ ငြိမ်းချမ်းရေးရယူနိုင်သည်။ ဂုဏ်ထူးဆောင်ဆုချီးမြှင့်နိုင်သည်။ သမ္မတသည် နိုင်ငံ၏ ခေါင်းဆောင်ဖြစ်သလို အစိုးရခေါင်းဆောင်လည်းဖြစ်သည်။

**ဘရာဇီးနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်လုံးသည် လွှတ်တော်အတွင်း ဖွဲ့စည်းပုံနှင့်ပတ်သက်၍ မိမိကိုယ်တိုင် စီရင်ခွင့်ရှိသည်။ အောက်လွှတ်တော်သည် သမ္မတ၏ ငွေစာရင်းကို စစ်ဆေးနိုင်သည်။ သမ္မတ၊ ဝန်ကြီးများ၊ ဒုဝန်ကြီးများ၏ အရေးကိစ္စနှင့် ပတ်သက်၍ ဥပဒေက ခွင့်ပြုထားသည့်အတိုင်း ဆောင်ရွက်နိုင်သည်**

### ဘရာဇီးနိုင်ငံအမျိုးသားကွန်ဂရက် (National Congress)

ဘရာဇီးနိုင်ငံအမျိုးသားကွန်ဂရက် (National Congress) ကို အထက်လွှတ်တော်၊ အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်နှစ်ရပ်လုံးသည် ဘရာဇီးနိုင်ငံ၏ မြို့တော် ဘရာဇီးလီးယားရှိ Palace of National Congress တွင် တည်ရှိသည်။ လွှတ်တော်နှစ်ရပ်လုံးတွင် ဥက္ကဋ္ဌ၊ အမှုဆောင် ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းများ ရှိသည်။ လွှတ်တော်ဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များဆောင်ရွက်ရသည့် ပါလီမန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရသည်။ လွှတ်တော်နှစ်ရပ်လုံး၏ နိုင်ငံရေးဆိုင်ရာ စီမံ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လွှတ်တော်တစ်ရပ်စီရှိ ကိုယ်စားလှယ်များမှ ရွေးချယ်ထားသည့် ဗျူရိုအဖွဲ့ဝင်များက ဆောင်ရွက်ရသည်။ လွှတ်တော်နှစ်ရပ်လုံး၏ စီမံခန့်ခွဲရေးအဖွဲ့များသည် အနည်းငယ်ကွဲပြားပြီး လွှတ်တော် တစ်ရပ်စီတွင် အတွင်းရေးမှူးရုံး၊ ဆက်သွယ်ရေးရုံး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုများ၊ လုံခြုံရေးရုံးများ၊ ကော်မတီဌာနခွဲများရှိသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီတွင် မိမိကိုယ်တိုင် ရွေးချယ်ထားသော ကိုယ်ရေးဝန်ထမ်းတစ်ဦးစီ ခန့်အပ်နိုင်သည်။ လွှတ်တော်နှစ်ရပ်လုံးတွင် အထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ရန် ယာယီနှင့် အမြဲတမ်းကော်မတီများ ဖွဲ့စည်းထားသည်။ လွှတ်တော်နှစ်ရပ်အတွက် ရွေးကောက်တင်မြှောက်ခြင်းစနစ် နှစ်မျိုးကျင့်သုံးသည်။

ဘရာဇီးနိုင်ငံ အမျိုးသားကွန်ဂရက်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဆွဲရေး၊ အုပ်ချုပ်ရေးအဖွဲ့များ၏ ဆောင်ရွက်မှုကို စောင့်ကြည့်ရေးတို့ ဆောင်ရွက်သည်။ ဘရာဇီးနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်လုံးသည် လွှတ်တော်အတွင်း ဖွဲ့စည်းပုံနှင့်ပတ်သက်၍ မိမိကိုယ်တိုင် စီရင်ခွင့်ရှိသည်။ အောက်လွှတ်တော်သည် သမ္မတ၏ ငွေစာရင်းကို စစ်ဆေးနိုင်သည်။ သမ္မတ၊ ဝန်ကြီးများ၊ ဒုဝန်ကြီးများ၏ အရေးကိစ္စနှင့် ပတ်သက်၍ ဥပဒေက ခွင့်ပြုထားသည့်အတိုင်း ဆောင်ရွက်နိုင်သည်။ လွှတ်တော်နှစ်ရပ်နှင့် ကော်မတီများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်မှ တစ်ပါး မဲအများစု ကိုယ်စားပြုစနစ် (Absolute Majority System) ဖြင့် ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ကြသည်။ ဘရာဇီးနိုင်ငံ အမျိုးသားကွန်ဂရက်သည် အခွန်ကောက်ခံခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ လက်နက်ကိုင်အင်အား အဖွဲ့အစည်းများကို စီမံခန့်ခွဲခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ နိုင်ငံနယ်နိမိတ် သတ်မှတ်ဆောင်ရွက်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ဝန်ကြီးဌာနများ ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်းအား ကြီးကြပ်ခြင်း၊ နိုင်ငံခြားငွေကြေးစီမံခြင်းတို့တွင် တာဝန်ရှိသည်။ နှစ်စဉ် ဘရာဇီးနိုင်ငံ၏ ဖက်ဒရယ်မြို့တော် ဘရာဇီးလီးယားတွင် ဖေဖော်ဝါရီ ၂ ရက်နေ့မှ ဇူလိုင် ၁၇ ရက်နေ့အထိ တစ်ကြိမ်၊ ဩဂုတ် ၁ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ တစ်ကြိမ်၊ နှစ်စဉ် ငါးလစီဖြင့် နှစ်ကြိမ် လွှတ်တော်အစည်းအဝေး ကျင်းပကြသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အစည်းအဝေးတွင် တင်ပြသော ထင်မြင်ချက်များ၊ စကားလုံးများ၊ မဲပေးမှုများအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေအရသော်လည်းကောင်း၊ တရားမဆိုင်ရာ ဥပဒေအရသော်လည်းကောင်း အရေးမယူနိုင်ပေ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သည့် အမှုကိစ္စရပ်များကို ရွေးကောက်ပွဲဆိုင်ရာတရားရုံးချုပ်တွင်သာ ဖြေရှင်းရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များအပေါ် စွဲဆိုသောအမှုများတွင် အာမခံမပေးနိုင်သော အမှုမှလွဲ၍ တိုင်ကြားချက်များ၊ မှတ်တမ်းများ၊ သက်သေများကို သက်ဆိုင်ရာလွှတ်တော်သို့ ၂၄ နာရီအတွင်း ပေးပို့၍ ဆုံးဖြတ်ချက်ရယူရမည်ဖြစ်သည်။

### အထက်လွှတ်တော်(Senate)

အထက်လွှတ်တော် (Senate) ကို ကိုယ်စားလှယ်ဦးရေ ၈၁ ဦးဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ် ၂၆ ခု ရှိသည့်အနက် ပြည်နယ် တစ်ခုလျှင် ကိုယ်စားလှယ် သုံးဦးကျစီဖြင့် ၇၈ ဦးနှင့် ဖက်ဒရယ်ခရိုင်တစ်ခုမှ ကိုယ်စားလှယ် သုံးဦး စုစုပေါင်း ၈၁ ဦး ပါဝင်သည်။ အထက်လွှတ်တော်ကို မဲအများစုကိုယ်စားပြု၊ မဲများသူ အနိုင်ယူစနစ် (Plurality Fast-Past The Post-System) ဖြင့် ရွေးချယ်သည်။ လွှတ်တော်သက်တမ်းမှာ ရှစ်နှစ်ဖြစ်သည်။ ပထမလေးနှစ်တွင် အဖွဲ့ဝင်သုံးပုံတစ်ပုံနှင့် ဒုတိယလေးနှစ်တွင် အဖွဲ့ဝင်သုံးပုံနှစ်ပုံဖြင့် ရှစ်နှစ်သက်တမ်းအတွက် နှစ်ကြိမ်ရွေးချယ်ပါသည်။ အထက်လွှတ်တော် ကိုယ်စားလှယ်များသည် အကန့်အသတ်မရှိ ပြန်လည်ရွေးကောက်ခံနိုင်သည်။ အထက်လွှတ်တော်သည် သမ္မတ၊ ဒုသမ္မတနှင့် ဝန်ကြီးများကို ရာဇဝတ်မှုများအတွက် စွပ်စွဲနိုင်သည်။ သံတမန်များလည်း ရွေးချယ်နိုင်သည်။

### အောက်လွှတ်တော်(Chamber of Deputies)

အောက်လွှတ်တော် (Chamber of Deputies) ကို ကိုယ်စားလှယ်ဦးရေ ၅၁၃ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကိုယ်စားလှယ်ကို မဲပေးရသည့် စာရင်းဖွင့် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးသည်။ လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ ပြည်နယ်တစ်ခုစီ၏ လူဦးရေအပေါ်မူတည်ပြီး ကိုယ်စားလှယ်နေရာများ ရွေးချယ်သည်။ ပါတီ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးစီရရှိသော မဲအရေအတွက်သည် အချိုးကျကိုယ်စားပြုစနစ်ဖြင့် မဲရေတွက်ရာတွင် ပါတီရရှိသော မဲအဖြစ် သတ်မှတ်ရေတွက်သည်။ ပြည်သူများသည် ပါတီများမှတင်သွင်းသော ကိုယ်စားလှယ်စာရင်းဖြင့် တိုက်ရိုက်ရွေးကောက်နိုင်သည်။ *စာမျက်နှာ ၁၇ သို့*

# ဒုတိယဝန်ကြီး ဦးရဲတင့် ကျိုင်းတုံမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအားတွေ့ဆုံ



**ကျိုင်းတုံ ဒီဇင်ဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းက ကျိုင်းတုံမြို့ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တွဲဖက်ပြည်နယ်ရုံး၌ တွဲဖက်ပြည်နယ်ရုံးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ မိုင်းခတ်၊ မိုင်းယန်း၊ မြို့နယ်တို့မှ ဦးစီးမှူးများ၊ တုံတာမြို့ဦးစီးမှူး၊ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ) တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဇုန်နယ်မှူးတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထို့နောက် လွယ်မွေ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းနောက် မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ မိုင်းဖြတ် ထပ်ဆင့်လွှင့်စက်ရုံ၊ တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် တာလေ ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်က ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ လက်ရှိဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများနှင့် ကောလာဟလ သတင်းများအပေါ် ပြည်သူလူထုအား သတင်းအမှန်များ ချပြမျှဝေရန် လိုအပ်မှု ၊ လူငယ်များ အတွေးအခေါ် အယူအဆမှန်ကန်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်လုပ်ငန်းများ ပပျောက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသိပညာပေးရန် လိုအပ်မှု၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကျဆင်းလာသော်လည်း အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ မကြာမီကျရောက်တော့မည့် လွတ်လပ်ရေးနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# နမ္မတူမြို့နယ်၌ ခရီးသွားမည့် ပြည်သူများအား ကိုဗစ်-၁၉ အခမဲ့စစ်ဆေးပေးမည်

**နမ္မတူ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ်၌ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တိုင်း အမြို့မြို့အနယ်နယ်သို့ ခရီးသွားလာမည့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ RDT Test Kit ဖြင့် အခမဲ့စစ်ဆေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

ထို့သို့ဆောင်ရွက်ရာတွင် နမ္မတူမြို့နယ်မှ အခြားမြို့နယ်အသီးသီးသို့ ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများမှ ကိုဗစ်ကာကွယ်ဆေးနှစ်ကြိမ်၊ ကာကွယ်ဆေးတစ်ကြိမ်၊ ကာကွယ်ဆေး မထိုးနှံရသေးသည့် ယာဉ်မောင်းများနှင့် အခြားမြို့နယ်များသို့ ခရီးသွားမည့်ဒေသခံ တိုင်းရင်းသားပြည်သူများ၊ အခြားမြို့နယ်များမှ နမ္မတူမြို့နယ်သို့ လာရောက်သည့် တိုင်းရင်းသားပြည်သူများအား RDT Test Kit ဖြင့် ကိုဗစ်ပိုး ရှိ မရှိ စစ်ဆေးပြီး သုံးရက်အတွင်း ကိုဗစ်ပိုးကင်းရှင်းကြောင်း လက်မှတ်ပါမှသာ ခရီးသွားလာခွင့်နှင့် မြို့နယ်အတွင်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ထို့အပြင် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း နမ္မတူမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် RDT Test Kit ဖြင့် ကိုဗစ်ပိုး ရှိ မရှိ စစ်ဆေးပြီး သုံးရက်အတွင်း ကိုဗစ်ပိုးကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်းသို့ ဝင်ရောက်မည့် ခရီးသွားတိုင်းရင်းသားပြည်သူများအား မြို့အဝင်ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် သုံးရက်အတွင်း ကိုဗစ်ပိုးကင်းရှင်းကြောင်း လက်မှတ်ပါ မပါ စစ်ဆေးပြီး လက်မှတ်မပါလျှင် RDT Test Kit ဖြင့် ကိုဗစ်ပိုး ရှိ မရှိ စစ်ဆေးကာ လိုအပ်သည့်ကျန်းမာရေးသုံးပစ္စည်းများ ဝယ်ယူရန်အတွက် စစ်ဆေးခ ပေးဆောင်ရမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အောက်လွှတ်တော် ကိုယ်စားလှယ်များသည် အကန့်အသတ်မရှိပြန်လည်ရွေးကောက်ခံနိုင်သည်။ ဘရာဇီး ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကိုယ်စားလှယ်ဦးရေ မညီမျှမှုကို လျှော့ချရန်အတွက် ခရိုင်အားလုံးတွင် တူညီသော ကိုယ်စားလှယ် အရေအတွက်ကို သတ်မှတ်ပေးထားသည်။ အောက်လွှတ်တော်သည် ပြည်တွင်းဥပဒေမူကြမ်းရေးဆွဲနိုင်သည်။

**အစိုးရအဖွဲ့**

ဘရာဇီးနိုင်ငံအစိုးရအဖွဲ့ကို ပြည်နယ်ဝန်ကြီးများ၊ ဘရာဇီးဖက်ဒရယ်အစိုးရအလုပ်အမှုဆောင်အဖွဲ့၏ အကြီးတန်းအကြံပေးများဖြင့် ဖွဲ့စည်းထားသည်။ အစိုးရအဖွဲ့တွင် ဝန်ကြီး ၂၂ ဦး၊ အခြားဝန်ကြီးအဆင့် ငါးဦးရှိသည်။

**မြူနီစီပယ်အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ**
**(မြို့တော်ဝန်၊ ဒုမြို့တော်ဝန်၊ မြို့တော်ကောင်စီဝင်များ)**

ဘရာဇီးနိုင်ငံ၏ မြူနီစီပယ်ဒေသဟုခေါ်သည့် မြို့ ၅၅၇၀ ကို အုပ်ချုပ်ရန် မြို့တော်ဝန်၊ ဒုမြို့တော်ဝန်၊ မြို့တော်ကောင်စီဝန်များကို လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပရွေးချယ်သည်။ မြူနီစီပယ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်ကို မဲပေးရသည့် စာရင်းဖွင့်အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးပြီး တိုက်ရိုက်မဲအများစုစနစ်ဖြင့် ရွေးချယ်သည်။ အနိမ့်ဆုံး နိုင်ငံရေးအာဏာခွဲဝေမှုသည် မြူနီစီပယ်အုပ်ချုပ်ရေးဖြစ်သည်။

**ပါတီ**

ပါတီစုံစနစ်ဖြစ်သည်။ ပါတီတစ်ခုစီသည် အနည်းဆုံး ထောက်ခံမဲ ၅ ရာခိုင်နှုန်းရရှိရမည်။ ၂၀၂၀ ပြည့်နှစ်အထိ ဘရာဇီးနိုင်ငံတွင် ပါတီ ၄၀ ကျော် ရှိသည်။ Worker's Party သည် ၁၉၈၀ တွင်တည်ထောင်သော အကြီးဆုံးပါတီဖြစ်သည်။ လက်ရှိကျင့်သုံးနေသော နိုင်ငံရေးပါတီစနစ်သည် ၁၉၄၀ ပြည့်နှစ်က Social Democratic Party ကို ထူထောင်ခဲ့သော သမ္မတ Getulio Dorneles Vargas လက်ထက်တွင် ပေါ်ပေါက်ခဲ့သည်။ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များတွင် အခြားပါတီများဖွဲ့စည်းပြီး ရွေးကောက်ပွဲဝင်ခဲ့သည်။ ၁၉၆၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၁၉၈၅ ခုနှစ် မတ်လ ၁၅ ရက်နေ့အထိ (၂၁ နှစ်ကြာသော) စစ်အုပ်ချုပ်ရေးကာလတွင် နိုင်ငံရေးပါတီများကို ဖျက်ပြီး တစ်ပါတီစနစ်ကို ထူထောင်ခဲ့သည်။ ၁၉၈၅ ခုနှစ် အရပ်သားအစိုးရလက်ထက်တွင် ပါတီများထူထောင်ခွင့်ပြုပြီး ပါတီများစွာ ပေါ်ပေါက်လာခဲ့သည်။ ပါတီများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက ရွေးကောက်ပွဲဆိုင်ရာ တရားရုံးချုပ်မှ ချမှတ်ထားသော ဥပဒေများ၊ စည်းမျဉ်းများအရ ရွေးကောက်ပွဲမလုပ်မီ တစ်နှစ်ကြိုတင်၍ နိုင်ငံရေးပါတီမှတ်ပုံတင်ရသည်။ စည်းကမ်းတကျ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများကိုသာ မဲပေးနိုင်သည်။ မှတ်ပုံတင်ထားသော ပါတီတစ်ခုစီတိုင်းသည် အထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့် မြူနီစီပယ် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပါတီဝင်များသည် ဘရာဇီးနိုင်ငံသားများ ဖြစ်ရမည်။ နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံခြားအစိုးရလက်အောက်ခံများထံမှ ငွေကြေးအထောက်အပံ့မယူရ။ ပါတီမှ သုံးစွဲသည့် ငွေကြေးများကို ရွေးကောက်ပွဲတရားရုံးသို့ တင်ပြရသည်။ အများပြည်သူသိရှိစေရန် ကြေညာရသည်။ မိမိတို့ပါတီ၏ စည်းမျဉ်းများကို မိမိတို့ဆန္ဒနှင့်အညီ သတ်မှတ်နိုင်သည်။

**ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ ( Electoral Management Bodies–EMBs)**

ဘရာဇီးနိုင်ငံ၏ ရွေးကောက်ပွဲများကို ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (Electoral Management Bodies–EMBs) က ဆောင်ရွက်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှုစနစ်၊ ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးစနစ်များဖြင့် စနစ်တကျ ကျင်းပသည်။ ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင် မဲပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ယှဉ်ပြိုင်မှု မူဘောင်များပါဝင်သည်။ မူဝါဒချမှတ်ခြင်း၊ အကောင်ထည်ဖော်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းဟူ၍ မူဝါဒ သုံးရပ် ချမှတ်ဆောင်ရွက်သည်။ ရွေးကောက်ပွဲဆိုင်ရာ တရားစီရင်ရေးစနစ်တွင် တရားစီရင်ရေးဌာနများ၊ အဆင့်မြင့်ရွေးကောက်ပွဲခုံရုံးများဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေများ အရကျင်းပပြီး ရွေးကောက်ပွဲစနစ်၊ မဲဆန္ဒနယ်ခွဲဝေခြင်း၊ ရွေးကောက်ပွဲကာလ၊ ပါဝင်ယှဉ်ပြိုင်သူများအတွက် စည်းကမ်းသတ်မှတ်ခြင်းများကို ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့သည် အဖွဲ့ဝင်များအပေါ် လွှမ်းမိုးချုပ်ကိုင်မှုမရှိဘဲ လွတ်လပ်သော သီးသန့်အဖွဲ့ဖြစ်သည်။

**ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း**

ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ရွေးကောက်ပွဲတရားသူကြီး (Electoral Judge) လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်စာအုပ်တွင် ထိန်းသိမ်းထားရမည်။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မိမိကိုယ်တိုင်မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ထားသောဒေသတွင် အနည်းဆုံး တစ်နှစ် နေထိုင်သူဖြစ်ရမည်။ ကိုယ်စားလှယ်လောင်းသည် ဘရာဇီးနိုင်ငံသားဖြစ်ပြီး မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ထားသူ၊ ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်တွင် နေထိုင်သူဖြစ်ရမည်။ သမ္မတ၊ ဒုသမ္မတ၊ လွှတ်တော် အမတ်များသည် အနည်းဆုံး အသက် ၃၅ နှစ် ရှိရမည်ဖြစ်သည်။ မဲဆန္ဒရှင်အဖြစ် မှတ်ပုံမတင်ထားသူ၊ ပညာမတတ်သူများသည် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ။ နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည်လည်း ကန့်သတ်ချက်များနှင့်အညီ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မိမိတို့တပ်ဖွဲ့တွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ပြီးပါက ခွင့်ယူပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ၁၀ နှစ်ကျော်ပါက အထက်အရာရှိခွင့်ပြုချက်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက အလိုအလျောက် ပင်စင်ရမည်ဖြစ်သည်။ အသက်ကန့်သတ်ချက်နှင့် ပတ်သက်၍ သမ္မတနှင့် အထက်လွှတ်တော်အမတ်များသည် အနည်းဆုံး ၃၅ နှစ်၊ ပြည်နယ်/ ခရိုင်အုပ်ချုပ်ရေးမှူးသည် အနည်းဆုံး ၃၀ နှစ်၊ အောက်လွှတ်တော်အမတ်များနှင့် မြို့တော်ဝန်၊ ဒုမြို့တော်ဝန်များသည် အနည်းဆုံး ၂၁ နှစ် ရှိရမည်ဖြစ်ပြီး မြို့တော်ကောင်စီဝင်များသည် အနည်းဆုံး ၁၈ နှစ် ရှိရမည်ဖြစ်သည်။ လက်ရှိအစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်နေပြီး ရွေးကောက်ပွဲတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ အနေဖြင့် ရွေးကောက်ပွဲမတိုင်မီ ခြောက်လ ကြိုတင်၍ မိမိလက်ရှိတာဝန်ထမ်းဆောင်နေသော ရာထူးမှ နုတ်ထွက်ရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်၏ ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

**မဲဆွယ်စည်းရုံးခြင်း**

ရွေးကောက်ပွဲကုန်ကျစရိတ်ကို ပါတီ (သို့မဟုတ်) ကိုယ်စားလှယ်လောင်းမှ ကျခံနိုင်သည်။ ဥပဒေနှင့်အညီ ငွေကြေးအထောက်အပံ့ယူနိုင်သည်။ အင်တာနက်ပေါ်တွင် အခကြေးငွေပေးပြီး မဲဆွယ်စည်းရုံးခြင်းကို ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အထိသာ ခွင့်ပြုသည်။ အင်တာနက်ပေါ်တွင် မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်လိုပါက ကိုယ်စားလှယ်လောင်း၏ Website လိပ်စာကို ရွေးကောက်ပွဲတရားသူကြီး (Electoral Judge) ထံ တင်ပြရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်အနီး သုခတော်ဝင်အိမ်ရာစီမံကိန်း တည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၄

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်အနီး လမ်းလုပ်ငန်းများ၊ ရေမြောင်းများဆောင်ရွက်နေမှုနှင့် သုခတော်ဝင်အိမ်ရာစီမံကိန်း တည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်က ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်အနီး နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်နေသည့် လမ်းလုပ်ငန်းနှင့် Box Culvert များ စနစ်တကျဆောင်ရွက်ကြရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား- တောင်ညိုလမ်းဘေး (မြို့မဈေးအနီး)ရှိ သုခတော်ဝင်အိမ်ရာ (Food Shop) ဆိုင်ခန်း တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အိမ်ရာတိုက်ခန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ရေပေးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၅ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော်(ဘုရားရှိခိုးကျောင်း)များမှ သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာ၊ နယ်စီးသာသနာပိုင်ကြီးတို့အား ဂါရဝပြုတွေ့ဆုံ

**ဘားအံ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ခရစ်ယာန် ဘာသာဝင်များနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး ခရစ္စမတ်အခါသမယတွင် ငြိမ်းချမ်းတည်ငြိမ်သာယာဝပြောခြင်းများနှင့် ပြီးပြည့်စုံကြပါစေကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့နံနက်ပိုင်းက ဘားအံမြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော် (ဘုရားရှိခိုးကျောင်း)များသို့ သွားရောက်ဂါရဝပြုတွေ့ဆုံရာ၌ ဆုတောင်းစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဘားအံမြို့ပေါ်ရှိ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် ကရင်နှစ်ခြင်းအသင်းတော်၊ သတ္တမနေ့ဥပုသ်အသင်းတော်၊ စိန့်ဖရန့်စစ်ဇေးဗီးယဲကက်သလစ် ဘုရားရှိခိုးကျောင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)ဘားအံသာသနာပိုင်နယ် ရှင်ပေတရုကသီဒြယ်ဘုရားရှိခိုးကျောင်းနှင့် ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် ပြည်ထောင်စု/သာယာကုန်းနှစ်ခြင်းအသင်းတော်များသို့ သွားရောက်ပြီး ခရစ်တော်မွေးနေ့တွင် ဂုဏ်တော်(ကျေးဇူးတော်)ကို ချီးမွမ်းသောအားဖြင့် သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာတော်၊ နယ်စီးသာသနာပိုင်ကြီး၊ လက်ထောက်သင်းအုပ်ဆရာ၊ Father ၊ သင်းထောက်၊ အသင်းလူကြီး၊ အမျိုးသမီးခေါင်းဆောင်များအား ခရစ်ယာန် အသင်းတော် (ဘုရားရှိခိုးကျောင်း)များအလိုက် သီးခြားစီဂါရဝပြုတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲဖြစ်ပေါ်နေမှုအခြေအနေများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မိမိတို့၏ ကိုးကွယ်ရာ၊ ယုံကြည်ရာကို ငြိမ်းချမ်းလွတ်လပ်စွာနှင့် စည်းလုံးညီညွတ်စွာ အတူတကွယှဉ်တွဲနေထိုင်ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ခရစ်ယာန်ဘာသာဝင်များနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး ခရစ္စမတ်အခါသမယတွင် ငြိမ်းချမ်းတည်ငြိမ်သာယာဝပြောခြင်းများနှင့် ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းစကားပြောကြားခဲ့ပြီး ခရစ်ယာန်အသင်းတော် (ဘုရားရှိခိုးကျောင်း) များ၏ သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာတော်နှင့် နယ်စီးသာသနာပိုင်ကြီးတို့အား ခရစ္စမတ်အထိမ်းအမှတ် ဂါရဝလက်ဆောင်နှင့် အလှူငွေများပေးအပ်ရာ သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာတော်နှင့် နယ်စီးသာသနာပိုင်ကြီးတို့ကလည်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

ထို့အတူ ဘားအံမြို့ပေါ်ရှိခရစ်ယာန်အသင်းတော် (ဘုရားရှိခိုးကျောင်း)များမှ သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာ၊ နယ်စီးသာသနာပိုင်ကြီးတို့ကလည်း ခရစ္စမတ်ဆုမွန်ကောင်းစကားများပြောကြား၍ ဆုတောင်းမေတ္တာပို့သပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီ ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ ငါးစီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် တစ်စီးဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း (Mask) ၂၆ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့၊ မတူပီမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မူဆယ်မြို့တွင် ၀ ဒသမ ၂၈ လက်မနှင့် မိုင်းယန်းမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁၂-၂၀၂၁ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓာတ္တဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၃၅** မြိုင်မြို့နယ်မှ မနောရမ္မာရွှေကျောင်းတော်ဆီသို့
**၀၉:၄၅** ခေတ်အလိုက်ကြေးမုံပြင် **'ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း'** (အမျိုးသားပြတိုက်)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၃:၃၀** MRTV National News
**၁၄:၃၅** ဝေဟင်ထက်ကတရုတ်ပြည် (အပိုင်း-၂) **'စီချွမ်းပြည်နယ်'**
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'တံတားလေးပေါ်မှာ'**
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၀** ရုပ်စာအုပ် **'ခရစ္စမတ်ရဲ့အမှန်ပြတ်ဆုံးလက်ဆောင်'**
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတစေပြာ သီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၄၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **'အောင်သတင်းအငြိမ့်'**

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Laos Pavilion at Expo 2020 Dubai
**07:33** Great Shwedagon - Auspicious Grounds And Devotional Posts
**07:46** Between the Beaches: Chaung Tha Vs Ngwe Saung
**08:00** Weekly Review
**08:16** Welcome To Naga Land
**08:47** Myanmar Family Life
**09:01** Quiz Time! (EP-3)
**10:01** Dances of Myanmar: Rvwang Azulam Dance
**10:06** Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
**10:30** Talking Shwe Thway (Children Journal)
**10:42** Up Against The Tide
**11:01** Kayin Child Boxer

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သခင်ယေရှုအကြောင်း
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သီးချို၊ သွေးချိုအကြောင်းသိကောင်းစရာ
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆန္ဒန်အိုင်
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ခရစ္စမတ်ရဲ့မွေးရန်
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
နွားနောက်သားဆန်ပြုတ်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
သွားလည်ကြမည်ဇင်းကျိုက်ရေတံခွန်ဆီ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ပြည်မှသဘာဝအလှများ
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကွမ်းလုံမြို့သို့အလည်တစ်ခေါက်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၆)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှုသာ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် အမျိုးမျိုးအကြောင်း သိကောင်းစရာ (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊**

# KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မိုးကောင်းမြို့နယ် ဆားမော်မြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို သွားရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်မြို့ရှိ နယ်မြေခံ တပ်ရင်းကို KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား အင်အား ၁၀၀ ခန့်က ယနေ့ နံနက် ၃ နာရီမှစတင်၍ သုံးကြိမ် တိုင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ရင်းရှိ အရာရှိ၊ စစ်သည်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကစဉ့်ကလျားဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။



အဆိုပါ တပ်ရင်းသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်၍ ရဲဝံ့စွာတုံ့ပြန်တိုက်ခိုက်ခဲ့သော အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၄

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၈၀ ကျပ် | ၁၂၉၀/၁၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၆၀/၁၃၀၀ ကျပ် | ၁၃၁၀/၁၃၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၇၅/၁၃၀၅ ကျပ် | ၁၃၃၅/၁၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၂၅/၁၃၇၀ ကျပ် | ၁၄၅၀/၁၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၂ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၉၈၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၂၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၄၆ | ၁၂၂၆၄၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၈၁ | ၂၅၁၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁ | ၁၉၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၁၀ | ၂၉၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံ့ဝန်ထမ်း ထမင်းစားသစ္စာ

## ကသ- ၂၃ (ဇေယျ -၁၀၂)

**စာရေးသူဖေဖေရဲ့ စံနမူနာ၊ အတုယူစရာကောင်းတဲ့အချက်တစ်ခုကို မျှဝေပါရစေ။ ထမင်းစားပွဲမှာ သူ့ပန်းကန်ထဲက ထမင်းအနည်းငယ်ကို လက်နဲ့ဆုပ် ပန်းကန်ထိပ်မှာ တင်ထားပြီးမှ အမြဲစားပါတယ်။ ရတနာသုံးပါးနဲ့ကျေးဇူးရှင်တွေကို ဦးချပြီးမှစားပါတယ်။ ကျေးဇူးတရားတွေကို အောက်မေ့ပြီး ဂါရဝပြုတဲ့အနေနဲ့ပါ။**

စာရေးသူလည်း လုပ်ငန်းခွင်ကို ဝင်ရောက်ပြီး နိုင်ငံ့ဝန်ထမ်းတွေကို စနစ်တကျလေ့ကျင့်ပေးတဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်ကို မိမိဆန္ဒအလျောက် တက်ရောက်ချင်လို့ တက်ခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက ဦးစီးဌာနမှာ သင်တန်းမတက်ပေမယ့်လည်း နှစ်တိုးလစာ (increment) ရမယ်ဆိုတဲ့မူ ထွက်လို့ပြီးပါပြီ။ သီတင်းပတ် ၁၈ ပတ် (၄ လခွဲ) တက်ရောက်ရတဲ့သင်တန်းမှာ ထမင်းစားချိန်ရောက်တိုင်း မစားခင်မှာ ထမင်းစားသစ္စာဆိုပြီးမှ စားသောက်ရပါတယ်။ **"ကျွန်ုပ်တို့သည် နိုင်ငံတော်မှ ကျွေးမွေးသော ထမင်းနှင့်ဟင်းလျာများကို စားသောက်ရသည့်အတွက် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေပါမည်။"** ကျွန်ုပ်အနေနဲ့ စံနမူနာယူခဲ့ရတဲ့ မိဘရဲ့ အလေ့အကျင့်ရှိပြီးဖြစ်တဲ့အတွက် ထမင်းသစ္စာကို လေးလေးနက်နက် ရွတ်ဆိုပြီးမှ စားခဲ့ပါတယ်။

### ပြောင်းရွှေ့တာဝန်ထမ်းဆောင်

ဒီလိုနဲ့ နိုင်ငံ့ဝန်ထမ်းဆိုတော့ အချိန်ကျရင် အလှည့်ကျ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းဆိုတဲ့ အမိန့်ကိုလက်ခံရရှိပါတယ်။ ဧရာဝတီတိုင်းရဲ့ မြို့တော် ပုသိမ်မြို့ ဖြစ်ပါတယ်။ အဲဒီအချိန်က ကားလမ်းတွေ အဆင်ပြေချောမွေ့ခြင်း မရှိသေးပါ။ ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင် RTC လို့ခေါ်တဲ့ ခရီးသည်တင် ထရပ်ကားကြီးတွေက ပုသိမ်- ရန်ကုန် ခရီးစဉ်တစ်ပတ်ကို နှစ်ကြိမ်လောက် ရှိပါတယ်။ ပုသိမ်က ပြန်လာရင် ဧရာဝတီမြစ်ကို စကော့ရွာ ကူးတို့ဆိပ်က တစ်ခါဖြတ်၊ လှိုင်သာယာရောက်တော့ လှိုင်မြစ်ကို ဇက် (z- craft ferry)နဲ့ ရေလမ်းခရီးတွေကို အဆင့်ဆင့်ကျော်ဖြတ်ပြီးမှ ရန်ကုန်ကို ရောက်ပါတယ်။ ကုန်းလမ်းမသုံးရင် မော်တင်ဆိပ်ကမ်းကနေ ယခုခေတ် မော်တော်ဘုတ်သာသာ သင်္ဘောငယ်များ (ဗန္ဓက၊ ဗန္ဓုလ) တို့ကို ညနေပိုင်း ၃ နာရီလောက်မှာစီးပြီး တွံတေးတူးမြောင်းကြီးကိုဖြတ်၊ မြစ်ချောင်းအသွယ်သွယ်ကိုဖြတ်၊ နောက်နေ့နံနက် ၈ - ၉ နာရီ လောက်မှာ ပုသိမ်မြို့ဆိပ်ကမ်းကို ရောက်ရှိပါတယ်။ စာရေးသူက ရေမကူးတတ်ပါ။ သင်္ဘောပေါ်ကို ရောက်ကတည်းက ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးကို အာရုံပြုပြီး ဘုရားစာတွေ ရွတ်သွားရပါတယ်။ ညပိုင်း ချောင်းတွေ၊ မြစ်တွေ ဖြတ်တဲ့အချိန်မှာ သင်္ဘောကုန်းပတ်ပေါ်ကို ထွက်ကြည့်တော့ မီးကလေးတွေ မှိတ်တုတ်မှိတ်တုတ်နဲ့ တံငါလှေသေးသေးလေးတွေမှတစ်ပါး အပြင်မှာ ပိန်းပိန်းမှောင်နေပါတယ်။ (အဲဒီအချိန်တုန်းက နာဂစ်ဆိုတာကို ကြားတောင်မကြားဖူးသေးပါ။) ရန်ကုန်- ပုသိမ် အသွားအပြန်လုပ်ခဲ့ပေမယ့် မိုးလေ၊ မုန်တိုင်းအန္တရာယ်ကင်းဝေးခဲ့ပါတယ်။

### ထမင်းစားသစ္စာ ဆိုနိုင်ကြပါစေ

စာရေးသူအနေနဲ့ နိုင်ငံ့ဝန်ထမ်း ထမင်းစားသစ္စာကို ကျေကျေနပ်နပ် ဆိုခဲ့ပါတယ်။ အဲဒီအချိန်က စာသင်ပေးခဲ့ရတဲ့၊ ဆုံးမသွန်သင်ပေးခဲ့ရတဲ့ တပည့်တွေအားလုံးကို လွမ်းလိုက်ပါဘိတော့၊ နော်ထီးဆရီးတို့၊ နော်ဘာဆိုးဂေးတို့ရေ ... အဆောင်က Dinner တွေမှာ "သဘာဝရဲ့ရင်သွေးငယ်များ" သီချင်းကို အဖွင့်/ အပိတ် ဆိုခိုင်းခဲ့တာ၊ မင်းတို့ရဲ့ ရိုးရာဝတ်စုံ၊ သင်တိုင်းတွေကို ငှားဝတ်ပြီး အမြတ်တနိုး ဓာတ်ပုံရိုက်ခဲ့ရတာတွေကို အမြဲသတိရနေပါတယ် ကလေးတို့ရေ။ မကြာသေးခင်နှစ်တွေက ပင်မတက္ကသိုလ်ကြီးမှာ ဘာသာရပ် မွမ်းမံသင်တန်းတစ်ခုလာတက်တဲ့ နိုင်ငံ့ဝန်ထမ်း အရာထမ်းဖြစ်နေသူ တစ်ယောက်က ပြောပါတယ်။ သူတို့ကျောင်းတက်တုန်းက စာသင်ခန်းထဲမှာ စာရေးသူအမြဲဆုံးမတတ်တဲ့ "တပည့်တို့ တစ်နေ့တစ်နေ့ မအိပ်ခင်မှာ စဉ်းစားပါ၊ ငါသည် ယနေ့ကုသိုလ်၊ ပညာ၊ ဥစ္စာ ဘာရခဲ့လဲ" ဆိုတာကို သူတို့အမြဲ မမေ့ပါကြောင်း ပြောခဲ့ပါတယ်။ ပီတိနဲ့အတူ ချစ်တပည့်တွေ ကောင်းကျိုးလိုရာ ဆန္ဒတွေ ပြည့်ဝကြပါစေ၊ နိုင်ငံ့ဝန်ထမ်း ထမင်းစားသစ္စာ ဆိုနိုင်ကြပါစေ။

ရန်ကုန်မှာ ပြန်လည်တာဝန်ထမ်းဆောင်နေတုန်း လေးနှစ်အကြာ၊ စာရေးသူ ကိုယ့်အလှည့် မရောက်သေးဘူးလို့ထင်နေချိန်မှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖို့ အမိန့်စာကို ရရှိခဲ့ပါတယ်။ အဲဒီအချိန်က ကိုယ့်ရှေ့ကလူတွေ တန်းစီဇယားမှာရှိနေခဲ့ကြတာကိုသိပါတယ်။ ဘယ်လို ကိုယ့်အလှည့်ရောက်သွားပြီး transfer ပါသွားသလဲ တော်တော်စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ သို့သော် မည်သည့် complaint မှ မတက်တော့ပါ။ ကျွန်ုပ်က နိုင်ငံ့ဝန်ထမ်း ထမင်းစားသစ္စာ ဆိုထားခဲ့သူကိုး၊ တာဝန်ကျရာ သွားရမှာပေါ့လို့ စာရေးသူ၏ ဖေဖေက လမ်းညွှန်ပါတယ်။

အဲဒီအချိန်က ကချင်ပြည်နယ်မှာ တက္ကသိုလ်ပညာရပ်တွေကို သင်ကြားပေးတာ မြစ်ကြီးနားတက္ကသိုလ်တစ်ခုပဲ ရှိပါသေးတယ်။ နယ်ပယ်စုံက ပညာဆည်းပူးဖို့ ရောက်ရှိလာကြတဲ့ တိုင်းရင်းသား

> ✳ **သီတင်းပတ် ၁၈ ပတ် (၄ လခွဲ) တက်ရောက်ရတဲ့သင်တန်းမှာ ထမင်းစားချိန်ရောက်တိုင်း မစားခင်မှာ ထမင်းစားသစ္စာဆိုပြီးမှ စားသောက်ရပါတယ်။ "ကျွန်ုပ်တို့သည် နိုင်ငံတော်မှ ကျွေးမွေးသော ထမင်းနှင့်ဟင်းလျာများကို စားသောက်ရသည့်အတွက် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေပါမည်။" ကျွန်ုပ်အနေနဲ့ စံနမူနာယူခဲ့ရတဲ့ မိဘရဲ့အလေ့အကျင့် ရှိပြီးဖြစ်တဲ့အတွက် ထမင်းသစ္စာကို လေးလေးနက်နက် ရွတ်ဆိုပြီးမှ စားခဲ့ပါတယ်**

ချစ်တပည့်များအားလုံးကို ရန်ကုန်ပင်မတက္ကသိုလ်ကြီးနဲ့ တန်းတူညီမျှ၊ အရည်အသွေးတူ ဖြစ်အောင် ပညာရပ်တွေကို မျှဝေပေးခဲ့ပါတယ်။ စာသင်ခန်းထဲ ဘာသာရပ်ကို မပို့ချခင်မှာ "တပည့်တို့ စာတတ်တာနဲ့ ပညာတတ်တာခွဲခြားသိဖို့၊ ပညာဆိုတာ အသိဉာဏ်ပညာ၊ ရှေ့နောက် ဆင်ခြင်တုံတရားဖြစ်တယ်။ ဘွဲ့တွေ၊ ဒီဂရီတွေနဲ့အတူ ပညာတတ်အောင်သင်ယူကြဖို့၊ မိမိရပ်ရွာ ဇာတိမှာ ပြန်လည်အကျိုးပြုနိုင်ကြဖို့" အမြဲလမ်းညွှန်ခဲ့ပါတယ်။ မိုးကောင်းက အမြွာညီအစ်မ၊ မိုးညှင်းက ချစ်သမီးရင်ရင်မေ...နဲ့ ချစ်တပည့်များအားလုံးတို့ရေ... အများအကျိုးဆက်လက်သယ်ပိုးနိုင်ကြပါစေ၊ ထမင်းစားသစ္စာ ဆိုနိုင်ကြပြီး ဘဝမှာ အောင်မြင်မှုတွေနဲ့ လျှောက်လှမ်းနိုင်ကြပါစေ။ ညီမလေး ဆိုင်းအောင်ရေ... တို့တွေ အမိနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ ကမ္ဘာကြီးမှာနေထိုင်ကြတဲ့ လူသားအားလုံးအတွက်၊ ဂေဟာစနစ် ပတ်ဝန်းကျင်ကြီး ထာဝစဉ်တည်တံ့စေဖို့ ဆက်လက်ထိန်းသိမ်းကြဖို့ကို အကျိုးပြုသုတေသနလုပ်ငန်းတွေ စဉ်ဆက်မပြတ်လုပ်ဆောင်နေကြဖို့ လိုအပ်နေပါသေးတယ်။ နောင်လာမည့် မျိုးဆက်သစ်တွေကိုလည်း လက်ဆင့်ကမ်း တစ်ပါတည်း ခေါ်ခဲ့ကြရပါမယ်နော်။

ဒီတစ်ကြိမ် တာဝန်ထမ်းဆောင်ရမည့် နေရာကတော့ ဘာသာသာသနာတော်ထွန်းကားတဲ့ အညာဒေသက တက္ကသိုလ်ကြီးဖြစ်ပါတယ်။ သုတေသနတွေ ပြုလုပ်နေဆဲဖြစ်ပြီး ပါရဂူဘွဲ့ရတွေ လက်ချီးရေတွက်လို့ရတဲ့အချိန်မှာ ပြောင်းရွှေ့တာဝန်ပေးခံရခြင်း ဖြစ်ပါတယ်။ သို့သော် စာရေးသူက နိုင်ငံ့ဝန်ထမ်း ထမင်းစားသစ္စာ ဆိုထားခဲ့တဲ့သူဖြစ်တယ်လေ။

ဒီတက္ကသိုလ်ကြီးမှာ ချင်းပြည်နယ်တောင်ပိုင်းနဲ့ ဂန့်ဂေါနယ်က ကျောင်းသူ ကျောင်းသားတွေ လာရောက်ပညာသင်ကြားကြပါတယ်။ တက္ကသိုလ်ရဲ့ ချင်းစာပေနဲ့ ယဉ်ကျေးမှု ကော်မတီက နှစ်စဉ်ကျင်းပတဲ့ ပြည်နယ်နေ့အခမ်းအနားတွေမှာ ရိုးရာအကတွေ၊ ရိုးရာဝတ်စုံနဲ့ fashion show တွေ၊ ရိုးရာအစားအစာတွေနဲ့ ဧည့်ခံကြပါတယ်။ နွားနောက်သားနဲ့ ခေါင်ရည်ကိုလည်း သတိရနေပါတယ်။ ကလေးတို့ရေ... ဌာနက မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနဲ့ အာစရိယပူဇော်ပွဲအခမ်းအနားတွေမှာ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"ကို တေးသရုပ်ဖော်နဲ့ တင်ဆက်ခဲ့ကြတဲ့ ချစ်တပည့်လေးတွေကိုလည်း မြင်ယောင်သတိရလျက်ပါ။ အသိပညာဆင်ခြင်တုံတရားလက်ကိုင်ထားပြီး မိမိဒေသကို ပြန်လည်အကျိုးဆောင်နိုင်ကြပါစေ။

### ဝန်ထမ်းကောင်းတွေ ဖြစ်ကြပါစေ

အဆင့်မြင့်ပညာများကို ဆည်းပူးလေ့လာသွားကြတဲ့ ကရင်ပြည်နယ်က သမီးတို့ သားတို့ရေ... နော်ချိုအေး၊ နန်းအိမ်စည်၊ နန်းဝေဖြိုးနဲ့စောမိုးသူ၊ မိမိတတ်မြောက်ထားတဲ့ပညာ၊ ဗဟုသုတတွေကို မျှဝေပေးပြီး ကိုယ့်မွေးရပ်မြေမှာ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေ တိုးတက်လာအောင် ကူညီလုပ်ဆောင်ပေးကြပါ။ သမီးမိတင်မိုးအောင်အတွက်လည်း ဆုတောင်းပေးနေပါတယ်။ မွန်ပြည်နယ်ကြီးရဲ့ သဘာဝပတ်ဝန်းကျင်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲစေဖို့ သမီးရဲ့ သုတေသနလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နိုင်ပြီး အကောင်အထည်ဖော်နိုင်ပါစေ။ နိုင်ငံ့ဝန်ထမ်း ထမင်းစားသစ္စာ ဆိုနိုင်ကြတဲ့ ဝန်ထမ်းကောင်းတွေ ဖြစ်ကြပါစေ။

ထိပ်ဆုံးကတာဝန်ယူထားကြတဲ့ နိုင်ငံ့ဝန်ထမ်း အကြီးအမှူးကြီးများအနေနဲ့ နိုင်ငံ့ဝန်ထမ်း ထမင်းစားသစ္စာကို ဆိုခဲ့ဖူးကြသလို မိမိတို့လက်အောက်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းအားလုံးကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်ပြီး တလေးတစား လိုက်နာကြအောင် လမ်းညွှန်ပေးကြဖို့လည်း စာရေးသူအနေနဲ့ အကြံပြုတင်ပြအပ်ပါတယ်။

ဒို့တာဝန်အရေး(၃)ပါးဟာ အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ လူသားအားလုံးနဲ့ လုံး၀(လုံး၀) သက်ဆိုင်ကြပြီး တာဝန်ကိုယ်စီရှိကြကြောင်းကိုလည်း နားလည်သဘောပေါက်ကြစေလိုပါတယ်။

**ဒို့တာဝန်အရေး (၃)ပါး**

**၁။ ပြည်ထောင်စု မပြိုကွဲရေး**

**၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး**

**၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

(ရှမ်း၊ ကယား၊ ရခိုင်မှ ချစ်တပည့်များအတွက် အလျဉ်းသင့်သလို စာတွေရေးရင်း ဆုတောင်းမေတ္တာ၊ စကားလက်ဆောင်တွေ ပေးသွားပါမည်။)

# မိုးနဲမြို့ ခရီးသွားကျေးရွာတွင် ခရီးသွားလုပ်ငန်းအခြေခံသင်တန်းဖွင့်

**မိုးနဲ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ကွန်နားကျေးရွာအုပ်စု လွိုင်လင်းခရီးသွားကျေးရွာ(Tourism Village ) တိုင်းရင်းသားအနုပညာပြတိုက်၌ ဒီဇင်ဘာ ၂၁ ရက်က ခရီးသွားလုပ်ငန်းအခြေခံသင်တန်း ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ခရီးသွားကျေးရွာလုပ်ငန်းသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများ၊ ဓာတ်ပုံဝါသနာရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရှေးဦးပြုစုခြင်း၊ ခရီးသွားလုပ်ငန်းအခြေခံ၊ ဓာတ်ပုံပညာနှင့် ပတ်ဝန်းကျင်၊ ဝါးလက်မှုအခြေခံ စသည့်ဘာသာရပ်များကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**

**(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များသို့ ကရင်၊ မွန်တိုင်းရင်းသားသမိုင်းစာအုပ်များနှင့် ဆလုံရိုးရာပုံပြင်စာအုပ်များပေးအပ်

**ထားဝယ် ဒီဇင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်များသို့ ကရင်၊ မွန်တိုင်းရင်းသားသမိုင်းစာအုပ်များနှင့် ဆလုံရိုးရာပုံပြင်စာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ စာပေနှင့်အနုပညာများ ထိန်းသိမ်းမြှင့်တင်နိုင်ရန် အစဉ်အမြဲ အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် တစ်ချက်အပါအဝင်ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့် အချက်နှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ တိမ်ကောပျောက်ကွယ်မှုမရှိစေရန် အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားများ၏ စာပေ အခန်းကဏ္ဍမြင့်မားလာစေရေး၊ တိုင်းရင်းသား လူမျိုးအားလုံးအခွင့်အရေးများကို ရရှိခံစားနိုင်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားလာစေရေး ရည်ရွယ်၍ တိုင်းရင်းသားများ၏ သမိုင်းဆိုင်ရာ စာအုပ်များနှင့် ရိုးရာပုံပြင်စာအုပ်များကို တိုင်းရင်းသားများထံသို့ ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း၊ ယခုအခါ အဆိုပါစာအုပ်များကို အများပြည်သူလေ့လာနိုင်ရန် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးအပ်ခြင်းဖြစ်ပြီး ဌာနကလည်း အများပြည်သူ လေ့လာနိုင်စေရန်နှင့် အသိပညာတိုးပွားလာစေရန် မြို့နယ်၊ ခရိုင်စာကြည့်တိုက်များတွင် ထားရှိဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စာကြည့်တိုက်များတွင်ထားရှိနိုင်ရန်အတွက် ကရင်၊ မွန်တိုင်းရင်းသားသမိုင်းစာအုပ်များနှင့် အင်္ဂလိပ်/မြန်မာ/ကရင်အဘိဓာန်စာအုပ်များ၊ ဆလုံရိုးရာပုံပြင်စာအုပ်များ စုစုပေါင်း ၅၁၂ အုပ်ကို ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ကြင်ကြင်သန်းနှင့် ခရိုင်/မြို့နယ်ဝန်ထမ်းများက လက်ခံယူပြီး တိုင်းဒေသကြီး ဦးစီးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျောက်ဖြူမြို့ ငလပွေ့ချောင်းအတွင်း ရေငန်ပုစွန်သားပေါက်ငါးသိန်းမျိုးစိုက်ထည့်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝချောင်းများအတွင်း ရေငန်ပုစွန် သယံဇာတများ ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ ငါး၊ ပုစွန်များစနစ်တကျ ဖမ်းဆီးထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံခြား ဝင်ငွေရရှိစေရေးအတွက် ကျောက်ဖြူမြို့ ငလပွေ့ချောင်းအတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းကို ဒီဇင်ဘာလတတိယပတ်က မျိုးစိုက်ထည့်ခဲ့သည်။




အဆိုပါ အခမ်းအနားတွင် ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်က အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ဆင့်က ရေငန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ခရိုင်စီမံအုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရေလုပ်ငန်းရှင်များ၊ ကမ်းဝေး ငါးဖမ်းလှေများ၏ မန်နေဂျာများ၊ ကိုယ်စားလှယ်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးများနှင့် ကျောက်ဖြူ ပုစွန်သားဖောက်စခန်းတာဝန်ခံနှင့် ဝန်ထမ်းများက ရေငန်ပုစွန်များ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း စစ်ဆေးထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဦးထွန်းလှကျော်နှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၂၂ ရက်က လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာအုပ်စု ဝမ်တိန်းကျေးရွာစုရပ်တွင် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ စိုင်းဇော်လတ်(လင်းခေး)

# မင်းကင်းမြို့၌ ကုလားပဲနှင့်နေကြာ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**မင်းကင်း ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်းရှိ ဆောင်းနေကြာ စံပြကွက်နှင့် မျိုးစေ့ထုတ်စံပြကွက်၊ ကုလားပဲမျိုးစေ့ထုတ် စံပြကွက်များ စိုက်ပျိုးမည့် တောင်သူများအား အရည်အသွေးမြင့် မျိုးစေ့သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နေကြာသီးနှံ မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းသင်တန်းကို မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂၃ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မို့မို့က အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း အကျိုးကျေးဇူးများ၊ မျိုးသန့်မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ယင်းမျိုးစေ့မှတစ်ဆင့် အရည်အသွေးပြည့်မီသော မျိုးသန့်မျိုးစေ့များ ရရှိစေရန် စနစ်တကျ စိုက်ပျိုးထုတ်လုပ်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယခုဘဏ္ဍာနှစ်တွင် ဆောင်းနေကြာ စံပြကွက် ဧက ၃၀ နှင့် မျိုးစေ့ထုတ်စံပြကွက် ၁၀ ဧက၊ ကုလားပဲ မျိုးစေ့ထုတ်စံပြကွက် ၁၀ ဧက စိုက်ပျိုးမည့် တောင်သူများအား အရည်အသွေးကောင်း မျိုးစေ့နှင့် သွင်းအားစုများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲနှင့် သင်တန်းသို့ ဒေသခံတောင်သူ ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချိုချိုဆက်(မင်းကင်း)**



# ကျေးရွာများသို့ ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ပေး

**မောက်မယ် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် မြို့နယ်တွင်းမှ ဝေးလံခေါင်ဖျားကျေးရွာများဖြစ်သော ဟိုလွိုင်ကျေးရွာအုပ်စုအတွင်းရှိ ကုန်းမလန်းကျေးရွာနှင့် နားတောင်ကျေးရွာများသို့ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဒီဇင်ဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ကြသည့်ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုဇယားနှင့် အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ၊ လဲလှယ်/မိတ္တူများ ပြုလုပ်ပေးခဲ့ရာ လူဦးရေ ၄၉ ဦးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခြင်းကို အခြားသော ဝေးလံခေါင်ဖျားကျေးရွာများဖြစ်သည့် ဟန်နားကျေးရွာ၊ ကုန်းလိုင်ကျေးရွာနှင့် ခုံမမွန်ကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်းပြုလုပ်ပေးမည်ဖြစ်ကြောင်း လဝကဒုဦးစီးမှူး ဦးကျော်ထိန်ဝင်းထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

ယခုတစ်ပတ် ပရီမီယာလိဂ် ပွဲစဉ်(၁၉) မှာ အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးနဲ့ လက်စတာ၊ အမှတ်ပေးဇယားအောက်ဆုံးမှ နော့ဝှစ်ချ်နဲ့ အာဆင်နယ်၊ အက်စ်တွန်ဗီလာနဲ့ ချယ်ဆီး စတဲ့ အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

## မန်စီးတီး VS လက်စတာ

26-12-2021 | Game Week -19 | KO 21:30

**မန်စီးတီးနှင့် လက်စတာအသင်းတို့၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၀ - ၁ | **မန်စီးတီး** | ပရီမီယာလိဂ် | ၁၁-၀၉-၂၁ |
| **လက်စတာ** | ၁ - ၀ | မန်စီးတီး | ကွန်မြူနတီဒိုင်း | ၀၇-၀၈-၂၁ |
| လက်စတာ | ၀ - ၂ | **မန်စီးတီး** | ပရီမီယာလိဂ် | ၀၃-၀၄-၂၁ |

**မန်စီးတီး၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| မန်စီးတီး | ၁ - ၀ | ဝုဖ် |
| မန်စီးတီး | ၇ - ၀ | လိဒ်စ် |
| ကာဆယ် | ၀ - ၄ | မန်စီးတီး |

**လက်စတာ၏ နောက်ဆုံးသုံးပွဲရလဒ်**

| | | |
|---|---|---|
| နာပိုလီ | ၃ - ၂ | လက်စတာ |
| လက်စတာ | ၄ - ၀ | ကာဆယ် |
| လီဗာပူး | ၃ - ၃ | လက်စတာ |



ပွဲစဉ် (၁၈) အပြီးမှာ အမှတ်ပေးဇယားကို သုံးမှတ်အသာနဲ့ ဦးဆောင်ထားတဲ့ မန်စီးတီးအသင်းအနေနဲ့ ယခုပွဲစဉ်မှာ ကစားရခက်ခဲတဲ့ လက်စတာအသင်းနဲ့ ရင်ဆိုင်ကစားရမှာဖြစ်တာကြောင့် အခက်တွေ့နိုင်ပါတယ်။ လက်စတာအနေနဲ့ ကြားရက်မှာ ကာရာဘောင်ဖလားပြိုင်ပွဲကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ဒါပေမယ့်လည်း ကာရာဘောင်ဖလားပြိုင်ပွဲမှာ လီဗာပူးကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရတာကြောင့် ယခုပွဲစဉ်ကို အားစိုက်ကစားလာမှာပါ။ မန်စီးတီးအသင်းကလည်း ဒုတိယနေရာမှ လီဗာပူးအသင်းကို အမှတ်ဆက်လက်ဖြတ်ထားနိုင်ဖို့ ယခုပွဲစဉ်ကို အနိုင်ရရှိရေးကို ဦးတည်လာမှာပါ။ လက်စတာအသင်းအနေနဲ့ တိုက်စစ်ပိုင်းက ဗာဒီဂိုးသွင်းခြေပြန်ရတယ်ဆိုပေမယ့် ခံစစ်က နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ သွင်းဂိုးတွေခွင့်ပြုပေးထားရတာကို သတိပြုရမယ်။ မည်သို့ပင်ဆိုစေ တိုက်စစ်ထက်မြက်ပြီး ခံစစ်တည်ငြိမ်တဲ့ မန်စီးတီးကို လက်စတာတို့ အနိုင်ရဖို့ မလွယ်ပါဘူး။

## ဗီလာ VS ချယ်ဆီး

27-12-2021 | Game Week -19 | KO 00:00

ဂျရတ်ဦးဆောင်တဲ့ ဗီလာအသင်းက ပုံစံကောင်းရရှိနေပါတယ်။ ပြိုင်ဘက်ချယ်ဆီးက ပရီမီယာလိဂ်နှစ်ပွဲဆက် သရေကျထားတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရေး အသေအချာပြင်ဆင်လာမှာပါ။ ဦးဆောင်သူမန်စီးတီးအသင်းနဲ့ ရမှတ်ကွာဟမှုလျှော့ချဖို့ကြိုးစားလာမယ့် ချယ်ဆီးအသင်းကို ဗီလာပတ်ခ်မှာ ဗီလာအသင်း ဟန့်တားသွားနိုင်မလား စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## နော့ဝှစ်ချ် VS အာဆင်နယ်

26-12-2021 | Game Week -19 | KO 21:30

၁၇ ပွဲကစားပြီး ၁၀ မှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတဲ့ နော့ဝှစ်ချ်အသင်းအနေနဲ့ ယခုပွဲစဉ်မှာ အနိုင်ရရှိရေး ခြေကုန်ထုတ်လာမှာပါ။ အာဆင်နယ်အသင်းအနေနဲ့ ပြိုင်ပွဲစုံ နောက်ဆုံးလေးပွဲဆက် ဂိုးပြတ်နိုင်ပွဲဖော်ဆောင်ထားနိုင်တာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းမှာ အားရစရာကောင်းပါတယ်။ တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ နော့ဝှစ်ချ်တို့ အာဆင်နယ်ကို အနိုင်ယူနိုင်မလား။

# ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ပွဲစဉ်များ မဲခွဲထုတ်ပြန်

**အာဆင်နယ်နှင့် လီဗာပူး၊ ချယ်ဆီးနှင့် စပါးအသင်းတို့ ဆုံတွေ့နေ**

**ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ အာဆင်နယ်နှင့် လီဗာပူး၊ ချယ်ဆီးနှင့် စပါးအသင်းတို့ တွေ့ဆုံနေသည်။**

အာဆင်နယ်အသင်းသည် ကွာတားဖိုင်နယ်တွင် လိဂ်ဝမ်းကလပ် ဆန်းဒါးလန်းအသင်းကို အင်ခီတီယာ၏ ခြေစွမ်းပြမှုနှင့်အတူ ငါးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

**ဆီမီးဖိုင်နယ် တက်လှမ်း**

ပြိုင်ဘက် လီဗာပူးအသင်းက အဆိုပါအဆင့်တွင် ပြိုင်ဘက်လက်စတာ အသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်း ဖြစ်သည်။ လီဗာပူးအသင်းသည် ကာရာဘောင်ဖလားကို ရှစ်ကြိမ်ဆွတ်ခူးထားသော်လည်း နောက်ဆုံးဆွတ်ခူးထားသည်မှာ ၂၀၁၁-၂၀၁၂ ခုနှစ်က ဖြစ်သည့်အတွက် ယခုနှစ်ရာသီတွင် အောင်မြင်မှုနှင့် အလှမ်းဝေးနေသည့် ကာရာဘောင်ဖလားကို တစ်ကျော့ပြန် ဆွတ်ခူးသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

**နောက်ဆုံးဆွတ်ခူးထား**

ချယ်ဆီးအသင်းသည် ကွာတားဖိုင်နယ်တွင် ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်သလို စပါးအသင်းကလည်း အဆိုပါအဆင့်တွင် ခြေစွမ်းထက်မြက်နေသည့် ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ချယ်ဆီးအသင်းသည် ကာရာဘောင်ဖလားကို ၂၀၁၅ ခုနှစ်က နောက်ဆုံးဆွတ်ခူးထားပြီး ထိုစဉ်က စပါးအသင်းကို ဗိုလ်လုပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ဆွတ်ခူးထားခြင်း ဖြစ်သည်။

ထို့ကြောင့် ယခု အကြိမ်တွေ့ဆုံမှုတွင် စပါးအသင်း အနေဖြင့် ချယ်ဆီးအသင်းကို အဆိုပါရှုံးကြွေးပြန်ဆပ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းသွားမလား သို့မဟုတ် ရှုံးကြွေး ထပ်တင်သွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

**နှစ်ကျော့စနစ် ယှဉ်ပြိုင်ကစားမည်**

ယခုနှစ်ရာသီ ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို ပထမအကျော့၊ ဒုတိယအကျော့ နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။ ပထမအကျော့ကို ဇန်နဝါရီ ၅ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ကို ဇန်နဝါရီ ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကာရာဘောင်ဖလားပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဝင်ဘလေအားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

# ပေါ်တိုတောင်ပံကစားသမား ဒီယက်ဇ်ကို ခေါ်ယူကာ တိုက်စစ်အင်အား လီဗာပူးအသင်း ဖြည့်တင်းလို



ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် အသင်းမှ အားထားရသည့် ဆာလာနှင့် မာနေးတို့ကို လာမည့်လတွင် ကျင်းပမည့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲသို့ စေလွှတ်ရမည်ဖြစ်သည့်အတွက် အဆိုပါကစားသမားနှစ်ဦး၏ နေရာကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပေါ်တိုအသင်းမှ ကိုလံဘီယာတောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်အား ခေါ်ယူကာ ဖြည့်တင်းလိုနေသည်။ အသက် ၂၄ နှစ်အရွယ် ဒီယက်ဇ်သည် ပေါ်တူဂီကလပ် ပေါ်တိုအသင်းတွင် ခြေစွမ်းပြသထားနိုင်သူတစ်ဦးဖြစ်သည့်အတွက် လီဗာပူးအသင်းအပြင် နာမည်ကြီးအသင်းများဖြစ်သည့် မန်ယူနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့အပါအဝင် အသင်းအများအပြားက ခေါ်ယူရန် စောင့်ကြည့်ခြင်းခံထားရသူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ပေါ်တိုအသင်းအတွက် ပြိုင်ပွဲစုံ ၁၇ ပွဲတွင် ၁၂ ဂိုးသွင်းယူပေးထားသည်။

သို့သော်လည်း ပေါ်တိုအသင်းက အဆိုပါ တောင်ပံကစားသမားကို ဇန်နဝါရီတွင် ရောင်းချသွားလိုခြင်း မရှိကြောင်း သိရသည်။ လီဗာပူးအသင်းသည် လာမည့်ပွဲစဉ်များတွင် လက်စတာ၊ ချယ်ဆီး၊ အာဆင်နယ်စသည့်နာမည်ကြီးအသင်းများနှင့် ဆက်တိုက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# ဇန်နဝါရီတွင် ဘာစီလိုနာအသင်း ရောင်းချသွားရန် ပြင်ဆင်နေသည့် ကစားသမားများထဲတွင် ဒက်စ်ပါဝင်လာ



ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်း ရောင်းချသွားရန် ပြင်ဆင်နေသည့်ကစားသမားများထဲတွင် အမေရိကန်ကစားသမား ဆာဂျင်နိုဒက်စ် ပါဝင်လာသည်။ ဘာစီလိုနာအသင်းသည် လာမည့်အပြောင်းအရွှေ့ကာလတွင် အသင်း၏ တိုက်စစ်ပိုင်းကို အဓိကထားပြင်ဆင်လိုနေသော်လည်း ကစားသမားသစ်များ မခေါ်ယူမီ အသင်းမှကစားသမားအချို့ကို ကနဦး ရောင်းချသွားရဖွယ်ရှိနေသည်။

ဆာဂျင်နိုဒက်စ်အပြင် ဘာစီလိုနာအသင်းက ရောင်းချသွားရန် ပြင်ဆင်နေသည့် ကစားသမားများထဲတွင် ဖီးလစ်ပီ ကော်တင်ဟို၊ ဆမ်မြူရယ် အမ်တီတီနှင့် နီတိုတို့လည်း ပါဝင်လာသည်။ ဘာစီလိုနာအသင်းသည် ယခုနှစ်ရာသီတွင် ဘဏ္ဍာရေးအခက်အခဲကြောင့် အသင်းမှ အားထားရသည့် မက်ဆီ၊ ဂရစ်ဇ်မန်းတို့ ထွက်ခွာသွားပြီးနောက် ရလဒ်ဆိုးများနှင့်ကြုံတွေ့နေရပြီး လာလီဂါ ၁၈ ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၂၈ မှတ်သာ စုဆောင်းထားနိုင်သည်။ ထို့အပြင် ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲမှလည်း ထွက်ခွာခဲ့ရပြီဖြစ်သည်။

# ထရစ်ပီယာကို ခေါ်ယူရေးတွင် မန်ယူနှင့် စပါးအသင်းတို့ နယူးကာဆယ်အသင်းနှင့်အပြိုင်ပါဝင်လာ



မန်ယူနှင့် စပါးအသင်းတို့သည် လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ထရစ်ပီယာကို ခေါ်ယူရေးတွင် နယူးကာဆယ်အသင်းနှင့်အပြိုင် ပါဝင်လာခဲ့သည်။ အသက် ၃၁ နှစ်အရွယ် အဆိုပါခံစစ်ကစားသမားသည် ၂၀၁၉ ခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် စပါးအသင်းမှ ထွက်ခွာကာ စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီက အက်သလက်တီကို မက်ဒရစ်အသင်း လာလီဂါအမှတ်ပေးဖလားဆွတ်ခူးရရှိအောင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကူညီပေးထားနိုင်သူဖြစ်သည်။ နည်းပြ ဟိုဝီသည် ထရစ်ပီယာ၏ ခြေစွမ်းကို ကြိုက်နှစ်သက်သူ ဖြစ်သည့်အတွက် နယူးကာဆယ်အသင်းအနေဖြင့် ထရစ်ပီယာကို အသင်းသမိုင်းတစ်လျှောက် လုပ်ခလစာအမြင့်ဆုံး ပေးချေကာ အသင်းသို့ ခေါ်ယူရန် ဆန္ဒရှိနေသည်။ ထို့ကြောင့် နယူးကာဆယ်အသင်းသည် ထရစ်ပီယာကို ခေါ်ယူရေးတွင် အခြားသောအသင်းများထက် လက်ဦးမှုရရှိဖွယ်ရှိနေသည်။

■ မိုးဇက် - စုစည်းသည်

# KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် ရှော့တိုက်ဒုံးဖြင့် အချိန်ကိုက်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ထွက်ခွာလာသည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ်ခန့်တွင် ဆင်းသက်ရောက်ရှိစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့က လူနေရပ်ကွက်အတွင်း မော်တော်ယာဉ်များဖြင့် ရုတ်တရက် ရောက်ရှိလာပြီး ပြည်သူလူထု အကာအကွယ်ဖြင့် ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရီးသည် ၆၄ ဦး တင်ဆောင်လာသော မြန်မာ့ အမျိုးသား လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ထွက်ခွာလာခဲ့ပြီး နံနက် ၈ နာရီ ၃၅ မိနစ်ခန့်တွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် လွိုင်ကော်မြို့ အနောက်ဘက် ဒေါပေါ်ကလဲ ကျေးရွာအုပ်စု ဘာဒိုကျေးရွာ၏ အနီးနှင့် သင်္ချိုင်းကုန်း နေရာတို့မှ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့က ၁၀၇ မမ ရှော့တိုက်ဒုံး လေးလုံးဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်ခဲ့ခြင်းကြောင့် လေယာဉ်ကွင်း၏ အရှေ့နှင့် အရှေ့တောင်ဘက်မီတာ ၂၀၀၀ ခန့်အကွာ နေရာများသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ အဆောက်အဦနှင့် လေယာဉ်တို့ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်းနှင့် အဆိုပါလေယာဉ်မှာ ခရီးသွားပြည်သူ ၃၈ ဦးအား ပြန်လည်တင်ဆောင်၍ လွိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ နံနက် ၈ နာရီ ၅၅ မိနစ်ခန့်တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသော အများပြည်သူများအား အစုလိုက်အပြုံလိုက် သေကျေစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေ ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ

# ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီး

နေပြည်တော် ဒီဇင်ဘာ ၂၄

**ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ရန် မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် ယာဉ်အချို့မှာ ရပ်တန့်ခြင်းမရှိဘဲ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်မောင်းနှင်ထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားအချို့အား လက်နက်/ခဲယမ်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဖရူဆိုမြို့နယ် မူဆိုကျေးရွာအနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်တွင် ကွိုင်ငံရွာ ဟောင်းဘက်မှ မူဆိုကျေးရွာဘက်သို့ မသင်္ကာဖွယ် မောင်းနှင်လာသည့် မော်တော်ယာဉ်မျိုးစုံ ခုနစ်စီးအား စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ အဆိုပါမော်တော်ယာဉ်များမှာ ရပ်တန့်ခြင်းမရှိသည့်အပြင် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် KNPP နှင့် PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်များ၊ လက်ပစ်ဗုံးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်တွင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်း တက်ရောက်ရန် စုဆောင်းလာသည့် လူသစ်အချို့တို့အား အမ်-၁၆ သေနတ် တစ်လက်၊ ပွိုင့်-၂၂ သေနတ် တစ်လက်၊ တူမီးသေနတ်သုံးလက်၊ လက်ပစ်ဗုံး ခုနစ်လုံး၊ အမ်-၁၆ ကျည် ၂၅ တောင့်၊ ကျည်အိမ်နှစ်ခု၊ ပြောက်ကျားယူနီဖောင်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပြီး ခဲတ်ဆီ၊ ဒီဇယ်နှင့် အကြမ်းဖက်အဖွဲ့များ စားသုံးရန် ကျေးရွာများမှ အဓမ္မကောက်ခံခဲ့သည့် စားသောက်ကုန် ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ခုနစ်စီးမှာလည်း မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်လာသည့် အရပ်ဘက်ခရီးသည်တင် လေယာဉ်အား ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်၍ အရပ်ဝတ်ဖြင့် လျှို့ဝှက်ထွက်ပြေးလာသည့်အဖွဲ့ ဖြစ်နိုင်ကြောင်း ဒေသခံများမှတစ်ဆင့် ဖော်ထုတ်ရရှိသကဲ့သို့ သေဆုံးခဲ့သူများကိုလည်း သေမှုသေခင်းဖွင့်လှစ်ကာ လိုအပ်သည့် စုံစမ်းမှုများ ဖော်ထုတ်လျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး ဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ





သိမ်းဆည်းရမိသည့် ရန်သူ့အလောင်း နှစ်လောင်းနှင့် ပွိုင့်-၂၂ လက်လုပ်သေနတ် တစ်လက် မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရမိသည့် လက်လုပ်လက်ပစ်ဗုံး ခြောက်လုံး၊ အမ်-၁၆ သေနတ်တစ်လက်နှင့် တူမီးသေနတ် သုံးလက်တို့ကို တွေ့ရစဉ်။

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (ဒ/၁၇) ရပ်ကွက် အမှတ် (၇၃/က) မဟာဗန္ဓုလလမ်းနေ ဇော်မင်းဦး(ခ)စွန်ရဲ(ခ)ကြွက်(ဘ) ဦးသန်းဆွေနှင့် ဇနီးဖြစ်သူ ကျင်ကျင်မွေး(ခ)ပျိုပျို(ဘ)ဦးကျင်သိန်း တို့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအတွင်း ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်အဖွဲ့ ဖွဲ့စည်း၍ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၇၉) ရပ်ကွက် အမှတ်(၁၂၃၁) ပိတောက်ရွှေဝါလမ်းနေ စည်သူဖြိုး(ဘ)ဦးအေးမြင့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ဒီဇင်ဘာ ၂၃ ရက်တွင် ၎င်းတို့သုံးဦးကို "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ် အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၀)ရပ်ကွက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၉ ရက်တွင် ချစ်ကိုကို (ခ)နဂါး(ဘ)ဦးကြည်သိန်း၊ မျိုးဇင်အောင် (ခ)ကိုမျိုး(ဘ)ဦးအေးလွင်နှင့် နေသွေး(ဘ) ဦးချစ်ကိုကို(ခ)နဂါး တို့သည် သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ခြင်း၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/ ၅၄ အရ ဒီဇင်ဘာ ၂၃ ရက်တွင် ၎င်းတို့သုံးဦးကို "သေဒဏ်" အမိန့် ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများကို ၎င်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက ခရိုင်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းတို့အား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက ခရိုင်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းတို့အား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်**

ထိုသို့ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တောင်ပိုင်းရပ်ကွက် ပန်းပဲရပ်ရှိ အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်အဖွဲ့ (စိစစ်ဆဲ)က မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အဆိုပါ ကျောင်းဝင်းအတွင်း KG တန်း စာသင်ဆောင်ရှိ သွပ်မိုး/ထရံကာ/ အုတ်ခင်းအခန်း၏ ထရံများ၊ စာသင်ခုံနှင့် ထိုင်ခုံစုစုပေါင်း ၁၂ ခုံတို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

**မီးလောင်ပျက်စီး**

အလားတူ ည ၇ နာရီ မိနစ် ၂၀ တွင် ကလေးမြို့နယ် စမ်းမြို့ရပ်ကွက် မြို့ပတ်လမ်းရှိ ကလေးခရိုင်ပညာရေးမှူးရုံးအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ၃၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အလျားပေ ၈၀၊ အနံပေ ၂၀၊ အမြင့် ၂၈ ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ/သွပ်မိုး/ နံကပ်တိုက် အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ခရိုင်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



ကသာမြို့နယ်၌ အကြမ်းဖက်အဖွဲ့များက မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်း။




ကလေးမြို့နယ်၌ အကြမ်းဖက်အဖွဲ့များက ခရိုင်ပညာရေးမှူးရုံးအား မီးရှို့ဖျက်ဆီးမှု။

# စဉ့်ကိုင်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန်နှင့် အပြစ်မဲ့ပြည်သူများကို ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ PDF အမည်ခံအကြမ်းဖက်သမားများက ရထားလမ်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

PDF အမည်ခံအကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်နှင့် အပြစ်မဲ့ပြည်သူများကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်း ရထားလမ်းပိုင်းအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။





ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ခရီးသည်များ လိုက်ပါ၍ ထွက်ခွာလာသည့် မန္တလေးအမှတ်(၁)အဆန် စာပို့ရထားသည် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဘဲလင်းဘူတာအဝင် မိုင်တိုင်အမှတ် ၃၇၃ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြားသို့ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ရထားတွဲအမှတ် GBHV 40018 ကုန်တွဲတွင် ဘီးနှစ်ဘီး ချော်ကျခဲ့ပြီး **(အောက်ဝဲပုံ)** ရထားသံလမ်း နှစ်ပေခန့် ပြတ်ထွက်ကာ ကွန်ကရစ်ဇလီဖားတုံး သုံးတုံး ပျက်စီးခဲ့ကြောင်းနှင့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ထိုသို့ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်စေရန်နှင့် အပြစ်မဲ့ပြည်သူများကို ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး သက်ဆိုင်ရာက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◯ *ကျောဖုံးမှ*

အလေးချိန် ၄ ပိဿာ ၅၀ ကျပ်သားခန့် ထည့်ထားသည့် လက်ဆွဲအိတ်နှစ်လုံး (ကာလ တန်ဖိုး ငွေသိန်းကျပ် ၇၂၀၀ ခန့်) လုယက်ယူဆောင်ကာ ၎င်းတို့စီးနင်းလာသည့် ယာဉ် ဖြင့် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

**ဖမ်းဆီးရမိရေးဆောင်ရွက်**

အထက်ပါ လုယက်မှုဖြစ်စဉ်တွင် ကျူးလွန်ခဲ့သော တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းတွင် အင်းစိန်မြို့နယ် ဒညင်းကုန်းဘူတာအနီးရှိ "အာကာကျော်" ကားဘော်ဒီနှင့် ဆေးမှုတ်ရုံတွင် လုယက်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် Probox ယာဉ်နှင့် ယာဉ်ပေါ်မှ လက်ပစ်ဗုံးတစ်လုံး သိမ်းဆည်းရမိခဲ့ပြီး ယာဉ်ပိုင်ရှင်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ညပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၂)ရပ်ကွက် အမှတ်(၉၁၃)၌ **သန့်ဇင်ဦး(ခ) ဝတုတ်**(၃၃)နှစ်နှင့် **အေးအေးဟန်(ခ) သဲသဲ** (၄၃) နှစ်တို့နှစ်ဦးကို ငွေကျပ် ၁၁ သိန်း ၄ သောင်း၊ ရွှေလက်စွပ်မျိုးစုံ ၁၆၅ ကွင်း၊ ရွှေနားကပ် မျိုးစုံ ၁၄ ရံ၊ ရွှေဆွဲပြားမျိုးစုံ လေးပြား၊ ရွှေဟန်းချိန်း နှစ်ခု၊ ရွှေဆွဲကြိုးမျိုးစုံ ၄၆ ကုံး၊ ရွှေလက်ကောက်မျိုးစုံ ၁၅ ကွင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **သန့်ဇင်ဦး(ခ)ဝတုတ်** ၏ ထွက်ဆိုချက်အရ ညပိုင်းတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မုဒိတာအိမ်ရာ(၂) တိုက်(၂/အေ) အခန်း(၃၅၁)၌ **ဘောဂ** (၂၉)နှစ်အား ငွေကျပ် ၉ သိန်း၊ ရွှေလက်စွပ်မျိုးစုံ ၉၇ ကွင်း၊ ရွှေနားကပ်မျိုးစုံ ၁၄ ရံ၊ ရွှေဆွဲပြားမျိုးစုံ ၄၀၊ ရွှေဟန်းချိန်း ၈ ခု၊ ရွှေဆွဲကြိုးမျိုးစုံ အကုံး ၂၀၊ ရွှေလက်ကောက်မျိုးစုံ ရှစ်ကွင်းတို့နှင့်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သော်ကလမ်း(ကျူး) (၁)ရပ်ကွက်၌ **သန်းမြင့်စိုး(ခ) စိုးလေး** (၄၆)နှစ်၊ **သင်းသင်းဝေ**(၃၄)နှစ်၊ **ခိုင်နှင်းဝေ**(၂၁)နှစ်တို့ သုံးဦးကို ငွေကျပ် ၁၃၅ သိန်း၊ ရွှေလက်စွပ်မျိုးစုံ အကွင်း ၂၀၊ ရွှေဟန်းချိန်း နှစ်ခု၊ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေနားကပ်မျိုးစုံ လေးရံ၊ ရွှေကြယ်သီးနှစ်ခု၊ Probox အငှားယာဉ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

တရားခံ **သန်းမြင့်စိုး(ခ) စိုးလေး** ၏ ထွက်ဆိုချက်အရ ညပိုင်းတွင် မရမ်းကုန်းမြို့နယ် ကြက်ခြံကွင်း (၁)ရပ်ကွက်၌ **ဟိန်းဇော်ထွန်း(ခ)ကိုဟိန်း**(၃၂) နှစ်ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် သမိုင်းမြို့သစ်ရပ်ကွက်၌ **စည်သူဖြိုး(ခ) စည်သူထွေး** (၂၅)နှစ်ကို ငွေကျပ် ၉ သိန်း၊ ရွှေနားကပ်မျိုးစုံ အရံ ၃၀၊ ရွှေလက်စွပ် တစ်ကွင်းတို့နှင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဟိန်းဇော်ထွန်း(ခ) ကိုဟိန်း** ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်း အမှတ်(၆၁၃) တိုက်(A)၌ **ဇင်ငြိမ်းအောင် (ခ)ဇင်ကိုဝင်း** (၂၈)နှစ်နှင့် **မိုးဇင်ဦး(ခ)မျိုးမင်းဦး** (၃၁)နှစ်တို့ နှစ်ဦးကို ရွှေနားကပ်မျိုးစုံ ၂၅ ရံ၊ ရွှေလက်စွပ်တစ်ကွင်းနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး သုံးဦး၊ ပေါင်း ၁၀ ဦးကို ငွေကျပ် ၁၆၄ သိန်း ၄ သောင်း၊ ရွှေလက်စွပ်မျိုးစုံ ၂၈၄ ကွင်း၊ ရွှေနားကပ်မျိုးစုံ ၈၇ ရံ၊ ရွှေဆွဲပြား မျိုးစုံ ၄၄ ပြား၊ ရွှေဟန်းချိန်း ၁၂ ခု၊ ရွှေဆွဲကြိုးမျိုးစုံ ၆၇ ကုံး၊ ရွှေလက်ကောက်မျိုးစုံ ၂၃ ကွင်း၊ ရွှေကြယ်သီး နှစ်ခု၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀၊ အငှားယာဉ်နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ကြိုတင်လေ့လာခဲ့**

တရားခံများ၏ ထွက်ဆိုချက်အရ **သန့်ဇင်ဦး(ခ)ဝတုတ်** နှင့် **ဘောဂ** တို့ နှစ်ဦးသည် နိုဝင်ဘာလတွင် ကျုံစင်းရွှေဆိုင်အား လမ်းမှ ဖြတ်၍ ခေးပြတိုက်ရန် တိုင်ပင်ခဲ့ပြီး ရွှေဆိုင်၏အခြေအနေကို ကြိုတင်လေ့လာခဲ့ကြောင်း၊ ယင်းနောက် **သန့်ဇင်ဦး(ခ)ဝတုတ်**မှ လူထပ်ခေါ်ရန် **ဘောဂ** ကို စေခိုင်းခဲ့သဖြင့် **စည်သူဖြိုး(ခ)စည်သူထွေး** နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဇော်လင်း၊ နေဇော်၊ ကုလား၊ မှတ်ကြီး၊ ချိုဦး** တို့ကို ထပ်မံ ချိတ်ဆက်ခေါ်ယူကာ အင်းစိန်ခုံးကျော်တံတားပေါ်တွင် ကျုံစင်းရွှေဆိုင်မှ ရွှေထည်ပစ္စည်းများ သယ်ယူလာမည့် ယာဉ်အား လုယက်ရန် ပြင်ဆင်ခဲ့ကြောင်း။


**လုယက်ရန် ဆောင်ရွက်**

ရွှေထည်ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်အား လုယက်ရန် တာဝန်ခွဲဝေခဲ့ရာ **သန့်ဇင်ဦး(ခ)ဝတုတ်** မောင်းနှင်သည့်ယာဉ်သည် ၎င်းယာဉ်၏ ရှေ့မှ ပိတ်ဆို့ရပ်တန့်စေပြီး **သန်းမြင့်စိုး(ခ)စိုးလေး** နှင့် ဖမ်းဆီးရန်ကျန် **ဇော်လင်း**တို့ နှစ်ဦးလိုက်ပါသည့် ယာဉ်သည် ရွှေများ သယ်ဆောင်လာသည့် **ဦးနှင်းငွေ** မောင်းနှင်သောယာဉ်၏ နောက်မှ လိုက်ပါစေကာ အခြေအနေ စောင့်ကြည့်ရန်နှင့် **စည်သူဖြိုး(ခ) စည်သူထွေး** နှင့် ဖမ်းဆီးရန်ကျန် **မှတ်ကြီး၊ ချိုဦး** တို့ သုံးဦးသည် အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားအနီးရှိ လမ်းဘယ်ဘက်ခြမ်းတွင် လည်းကောင်း၊ ဖမ်းဆီးရန်ကျန် **နေဇော် နှင့် ကုလား** တို့ နှစ်ဦးသည် လမ်းညာဘက်ခြမ်းတွင် လည်းကောင်း အသင့်ကြိုတင်စောင့်ဆိုင်းကာ ဗဟိုလမ်းဘက်သို့ ချိုးကွေ့သည့် တံတားအလယ်နေရာတွင် လုယက်ရန် ဆောင်ရွက်ခဲ့ကြောင်း။

ရွှေထည်ပစ္စည်းများ ခေးပြတိုက်ရန် တာဝန်ခွဲဝေခဲ့ပြီးနောက် **ဘောဂ** သည် ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်ထိ ရွှေဆိုင်၏ ဖွင့်ချိန်၊ ပိတ်ချိန်၊ ယာဉ်ဝင်/ထွက်ချိန်များအား စောင့်ကြည့်ခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ကျန်တရားခံများမှ ယခင် တာဝန်ခွဲဝေထားသည့်အတိုင်း ရွှေထည်ပစ္စည်းများ လုယက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လုယက်ရရှိလာသည့် ရွှေထည်များအား **သန့်ဇင်ဦး(ခ) ဝတုတ်၊**

*စာမျက်နှာ ၂၆ သို့*

အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှု ဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား








ဒီဇင်ဘာ ၂၂ ရက်က သိမ်းဆည်းရမိသည့် ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့် ယာဉ်ပေါ်မှ တွေ့ရှိသည့် လက်ပစ်ဗုံးတစ်လုံးကို တွေ့ရစဉ်။

အင်းစိန်မြို့နယ် ဈေးကုန်းရပ်ကွက် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှုဖြစ်ပွားသည့် နေရာပြမြေပုံ







ဒီဇင်ဘာ ၂၃ ရက်က မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်း အမှတ်(၆၁၃) တိုက်(A)၌ ဖမ်းဆီးရမိ တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



ဒီဇင်ဘာ ၂၂ ရက်က မြောက်ဥက္ကလာပမြို့နယ် သော်ကလမ်း(ကျူး) (၁)ရပ်ကွက်၌ တရားခံနှင့်အတူ သိမ်းဆည်းရမိသည့် ငွေနှင့်ရွှေထည် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ဒီဇင်ဘာ ၂၃ ရက်က မရမ်းကုန်းမြို့နယ် သမိုင်းမြို့သစ်ရပ်ကွက်၌ တရားခံနှင့်အတူ သိမ်းဆည်းရမိသည့် ငွေနှင့် ရွှေထည်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၂၅ မှ*

**ဘောဂ၊ စည်သူဖြိုး(ခ)စည်သူထွေး** နှင့် ဖမ်းဆီးရန်ကျန် **နေဇော်** တို့ လေးဦးမှ တစ်ဝက်၊ **သန်းမြင့်စိုး(ခ) စိုလေး၊** ဖမ်းဆီးရန်ကျန် **ဇော်လင်း၊ မှတ်ကြီး၊ ချိုဦး၊ ကုလား** တို့ ငါးဦးမှ တစ်ဝက်စီ အသီးသီးခွဲဝေယူခဲ့ကြောင်း သိရှိရသည်။

**ရွှေထည်အချို့ရောင်းချခဲ့**

တရားခံ **ဘောဂ** သည် ၎င်းရရှိသည့် ရွှေထည်အချို့ ရောင်းချခဲ့ရာ ငွေကျပ် ၁၀၅ သိန်း ရရှိခဲ့ပြီး ငွေကျပ်သိန်း ၄၀ ကို **သန့်ဇင်ဦး(ခ) ဝတုတ်** ထံ ပေးအပ်ခဲ့ကာ ကျန်ငွေများအား ကိုယ်ရေးကိုယ်တာသုံးစွဲခဲ့ကြောင်း၊ **သန်းမြင့်စိုး(ခ) စိုးလေး** သည် ရွှေထည်အချို့အား ရောင်းချခဲ့ရာ ငွေကျပ်သိန်း ၁၆၀ ရရှိခဲ့ပြီး ကိုယ်ရေးကိုယ်တာ သုံးစွဲခဲ့ကြောင်းနှင့် **စည်သူဖြိုး (ခ) စည်သူထွေး** သည် ရွှေထည်အချို့ကို ဖျောက်ဖျက်ရန် ရည်ရွယ်ချက်ဖြင့် ရွှေအရည်ကျိုရန်အတွက် **ဟိန်းဇော်ထွန်း(ခ) ကိုဟိန်းနှင့် ဇင်ငြိမ်းအောင် (ခ) ဇင်ကိုဝင်း** တို့ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းပေးတိုင်ကြားနိုင်**

ဖမ်းဆီးရမိ တရားခံများ အနေဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ လုံခြုံရေးအရ တပ်ဆင်ထားသော CCTV ကင်မရာများ၊ Control Box များကို ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအပေါ် အခွင့်ကောင်းယူ၍ လုယက်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုသို့ လုယက်မှုကျူးလွန်ရာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲ၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြည်သူလူထုအနေဖြင့် ဖမ်းဆီးရန်ကျန် တရားခံများနှင့် တည်ငြိမ်အေးချမ်းမှုကို မလိုလားသော PDF အမည်ခံ အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးနှင့် မသက်ဆိုင်သော အရပ်ဘက်ပစ်မှတ်များအား ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် စစ်ရေးနှင့်မသက်ဆိုင်သော အပြစ်မဲ့ ခရီးသွားပြည်သူများအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ ထွက်ခွာလာသော ခရီးသည်တင် Express ယာဉ် လေးစီးနှင့် ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီးတို့အား သရက်ချောင်းမြို့နယ် ပြင်ဖြူကြီးကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ မြိတ် – ထားဝယ်သွား ကားလမ်း မိုင်တိုင်အမှတ်(၂၇)နေရာ၌ CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ဆွဲမိုင်းများဖြင့် ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၂ ဘီးကုန်တင်ယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ခရီးသည်တင် Express ယာဉ်များတွင် လက်နက်ငယ် ကျည်ထိမှန် ပျက်စီးခဲ့ကာ ခရီးသွားပြည်သူ အမျိုးသားတစ်ဦးသေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရ ပြည်သူများကို ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။



အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် ကုန်တင်ယာဉ်ကို တွေ့ရစဉ်။



သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အများပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်သေကျေနိုင်သည်အထိ စက်ဆုပ်ရွံရှာဖွယ် အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခဲ့သည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်၍ ဆုတ်ခွာသွားသော အကြမ်းဖက်သမားများနောက်သို့ လိုက်လံချေမှုန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခရီးသွားပြည်သူများ အေးချမ်းစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**










အကြမ်းဖက်သမားများက လက်လုပ်ဆွဲမိုင်းများဖြင့် ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ခရီးသည်တင်ယာဉ်များကို တွေ့ရစဉ်။

# တရားဝင် စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇၂ စီး၊ သွင်းကုန် ၁၀၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၉၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်စဉ် ဒီဇင်ဘာ ၂၃ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁သမ ၄၀၀ သန်းတန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D (100mlx50) (160 Pkgs) သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက အများပြည်သူ အသက်အိုးအိမ်စည်းစိမ် သေကျေပျက်စီးစေရန်ရည်ရွယ်၍ ထောင်ထားသည့် မိုင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၄

**အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH ၊ NUG အမည်ခံအဖွဲ့များနှင့် ၎င်းတို့၏လက်ဝေခံ PDF အဖွဲ့များအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်အတွက် နိုင်ငံတော်ပိုင် အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများအပါအဝင် စသည့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများနှင့် ရှာဖွေစစ်ဆေးမှုများအား လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သမားများက ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးတိုင်း ဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူး ကျေးရွာအနီး၌ ဒေသန္တရ လက်လုပ်မိုင်း ခုနစ်လုံးနှင့် ပဲကြီးခင်းကျေးရွာ၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (ပဲကြီးခင်း) ကျောင်းရှေ့တို့၌ ဒေသန္တရ လက်လုပ်မိုင်း သုံးလုံးတို့အား ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက် သေကျေပျက်စီးစေရန်အတွက် မိုင်းထောင်ထားသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဆက်လက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာများအတွင်း ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ လူနေထိုင်ခြင်း မရှိသော နေအိမ်များနှင့် တဲများ အတွင်းမှ ဒေသန္တရ လက်လုပ်မိုင်း မျိုးစုံအလုံး ၃၀၊ ယမ်းမှုန့်သုံးထုပ်၊ သံတိုသံစများ ထည့်ထားသည့် ဆာလာအိတ်များ၊ ကီးပတ်ဖုန်း မျိုးစုံ ၂၄ လုံးနှင့် ဆက်စပ်ပစ္စည်း များအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ နွားထိုးကြီး မြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင် များသည် သတင်းအရ ရှာဖွေ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ပတ်ကူကျေးရွာအနီး ယာဉ်မောင်း ဝေဖြိုးအောင် (ဘ)ဦးသိန်းစိုး မောင်းနှင်လာသည့် Hino Dina အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးချက်အရ ဆက်စပ် တရားခံများအား လက်ပစ်ဗုံးမျိုးစုံ ၄၅ လုံး၊ AK- 47 ကျည်ဆန်တောင့် ၁၅၀၀၊ ၎င်းကျည်အိမ် ၁၂ ခု၊ လျှပ်စစ်ဒီတိုနေတာ အခု ၅၀၊ WY စာတန်းပါမူးယစ်ဆေးဝါး အပြား ၃၀၀ ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

အထက်ပါ ဖြစ်စဉ်များတွင် အများပြည်သူများအား ထိခိုက်နစ်နာ သေကျေပျက်စီးစေရန် ရည်ရွယ်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ဆောင်ရွက်ခဲ့သူများနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာအနီး၌ တွေ့ရှိရသည့် ဒေသန္တရလက်လုပ်မိုင်းများနှင့် ကျေးရွာများအတွင်း ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာမှ တွေ့ရှိရသည့် လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။




# ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်မြို့ရှိ နယ်မြေခံတပ်ရင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်မြို့ရှိ နယ်မြေခံတပ်ရင်းအား ယနေ့နံနက်ပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆားမော်မြို့ရှိ နယ်မြေခံတပ်ရင်းအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား အင်အား ၁၀၀ ခန့်သည် ယနေ့ နံနက် ၃ နာရီခန့်တွင် တပ်ရင်း၏အနောက်မြောက်ဘက်မှလည်းကောင်း၊ နံနက် ၄ နာရီခန့်တွင် တပ်ရင်း၏ အရှေ့ဘက်မှလည်းကောင်း၊ နံနက် ၄ နာရီ ၅၅ မိနစ်ခန့်တွင် တပ်ရင်း၏ အမှတ်(၂)ဂိတ်မှလည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်ရင်းရှိ အရာရှိ စစ်သည်များက ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ခြင်းကြောင့် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား ဆုတ်ခွာထွက်ပြေးသွားကြောင်းနှင့် ဖြစ်စဉ်တွင် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ နယ်မြေခံတပ်ရင်းသို့ လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ဆုတ်ခွာထွက်ပြေးသွားသော KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ဘားအံမြို့နယ် ရွှေတောကျေးရွာအုပ်စု ရွှေတောကျေးရွာအနီး ဘားအံ-ဇာသပြင်သွားကားလမ်းတွင် စိုးမောင် မောင်းနှင်ပြီး ခိုင်ဇော်လတ် လိုက်ပါလာသည့် VIGO အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၈၀၀၀ ကို လည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ယန်းခေါင်ကျေးရွာနေ လော်ချို(ခ)အားချို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၁၅ ကီလိုတို့ကို လည်းကောင်း။

ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ကျွန်းစုမြို့နယ် သဲချောင်းကျေးရွာအုပ်စု ဝဲကျွန်းကျေးရွာနေ ရဲဝင်းထွန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သော်ဇင်ဦးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀ ကို လည်းကောင်း၊ ယင်းနေ့ည ၁၀ နာရီတွင် ပန်းတောင်းမြို့နယ် ပြည်-တောင်ကုတ်သွား ကားလမ်း ညောင်ကျိုး ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇော်မျိုးလွင်(ခ) မောင်မောင် မောင်းနှင်ပြီး ခင်မောင်ငြိမ်း(ခ)ဟိန်း လိုက်ပါလာသည့် HINO အမျိုးအစား ခြောက်ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၉၅ ပြား၊ အိုက်စ် ၀ ဒသမ ၀၀၁ ကီလိုနှင့် ဆေးခြောက် ၀ ဒသမ ၁၅ ကီလို၊ ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီတွင် ကွန်ဟိန်းမြို့နယ် ကွန်ဟိန်း-ခိုလမ်သွားကားလမ်း ဆိုင်းမွန်ကျေးရွာအနီးတွင် ကွန်ဟိန်းမှ ခိုလမ်ဘက်သို့ စိုင်းဝန်းလူ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလ တန်ဖိုး ငွေကျပ် ၁ ဒသမ ၆၉ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၂၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များအား ကွန်ဟိန်းမြို့နယ် ဝမ်ပန်းကျေးရွာမှ ခိုလမ်မြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့် အတူတွေ့ရစဉ်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**



# ရေတာရှည်မြို့နယ်လုံးဆိုင်ရာ အာစရိယထေရဂုဏပူဇာမင်္ဂလာနှင့် ဩဝါဒခံယူပူဇော်ပွဲကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်လုံးဆိုင်ရာ အာစရိယထေရဂုဏပူဇာမင်္ဂလာနှင့် ဩဝါဒခံယူပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေတာရှည်မြို့ အမှတ် (၁) ရပ်ကွက် မြို့ဦးပရိယတ္တိ စာသင်တိုက်မဏ္ဍပ်၌ ကျင်းပသည်။

မင်္ဂလာအချိန်တွင် သက်တော် ဝါတော်ကြီး ဆရာတော် ၁၇ ပါးအား အပူဇော်ခံယူမည့် မဏ္ဍပ်သို့ ပင့်ဆောင်ခဲ့ကြပြီး ကြွရောက်လာကြသော သံဃာတော်များ၊ အလှူရှင်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ အခမ်းအနားတွင် မြို့ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တပညာဇောတက အပူဇော်ခံ ဆရာတော်ကြီးများအား ပူဇော်ခွင့် ပေးပါရန် လျှောက်ထား၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက သာသနာရေးများ လျှောက်ထားသည်။ ဆက်လက်၍ အပူဇော်ခံ ဆရာတော်ကြီးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (အပေါ်ပုံ)

ထို့နောက် သက်တော် ၈၉ နှစ်ရှိ လုံးရမ်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တဩဘာသက ဆုံးမဩဝါဒရေး မြွက်ကြားမှုကို စုပေါင်းနာယူကြောင်း သိရသည်။

ကိုလွင်(ဆွာ)



ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း အမျိုးသမီး ၁၀ မီတာ လေရိုင်ဖယ်ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်စဉ်။

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပထမလက်ရွေးစင်အားကစားသမားများ စံချိန်ယူမှတ်တမ်းတင် သေနတ်ပစ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၄

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် စခန်းသွင်းလေ့ကျင့်နေသည့် ပထမ လက်ရွေးစင်အားကစားသမားများ၏ စံချိန် ယူ မှတ်တမ်းတင်သေနတ်ပစ်ပြိုင်ပွဲနှင့် ဆုချီး မြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း အပြည် ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင်အမျိုးသား၁၀မီတာ လေပစ္စတို၊ ၁၀ မီတာ လေရိုင်ဖယ်၊ ၂၅ မီတာ စံချိန်မီပစ္စတို၊ ၅၀ မီတာ စိတ်ကြိုက်ပစ္စတို (ဆီးဂိမ်းစံချိန်)၊ အမျိုးသမီး ၁၀ မီတာ လေပစ္စတို၊ ၁၀ မီတာလေရိုင်ဖယ်၊ ၂၅ မီတာ အားကစားပစ္စတိုပြိုင်ပွဲများကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြသည်။

“ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ရည်စစ်တဲ့ အနေနဲ့ ပထမအကြိမ်ပြုလုပ်တာပါ။ ပြိုင်ပွဲ မှာ အခက်အခဲမရှိအောင်လည်း ကျင်းပခြင်း ဖြစ်ပါတယ်။ အားကစားသမားတွေက တိုင်းဒေသကြီးနှင့် ပြည်နယ်၊ အားကာသီပို့ ကြည်း၊ ရေ၊ လေ၊ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ မှ အားကစားသမားတွေကို စုစည်းရွေးချယ် ပြီး ပထမလေ့ကျင့်တာလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ စခန်းသွင်းထားသော အမျိုးသား လေးဦး၊ အမျိုးသားသမီး ခြောက်ဦး ပြိုင်ပွဲဝင် ကြတာပါ။ ကစားသမားတွေရဲ့ ကာယကြံ့ခိုင် မှုတွေ၊ စိတ်ပိုင်းဆိုင်ရာတွေ ကျညံ့နဲ့ ပတ်သက်ပြီး လုံလုံလောက်လောက် ပစ်ခတ် နိုင်ဖို့ ပြင်ဆင်ထားပါတယ်”ဟု ပစ္စတိုနည်းပြ ဦးသိန်းကြွယ်က ပြောသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီး စီးပွား ရေးရာဝန်ကြီး ဦးအောင်သန်းဦး၊ သယံဇာတ ရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံ သေနတ်ပစ်အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းနှင့် အမှု ဆောင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အားကစားသမားများအား ငွေသားဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ သဇင်လမ်းနေ
(ဦးဆွန်ဝမ်း-ဒေါ်ကျင်ပွား)တို့၏ တတိယမြောက်သား
American နိုင်ငံ New York မြို့ Brooklyn နေ
**မောင်အောင်မျိုးဝင်း**
**(M.Sc Data Communication, BBA Computer Information System)**
နှင့်
ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ ရတနာလမ်းနေ
ဦးမျိုးညွန့်-ဒေါ်သီတာစိမ်းတို့၏သမီးကြီး
**မသဇင်မျိုးညွန့်**
**(B.Sc Botany, Certified Strategy of Manager UK Diploma)**
တို့သည် ၅-၁၂-၂၀၂၁ရက်တွင် ပုသိမ်မြို့ Royal Lake မြက်ခင်းပြင်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**မောင်အောင်မျိုးဝင်း-မသဇင်မျိုးညွန့်**

## ဖခင်အမည်မှန်

ကျွဲပွဲမြို့၊ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မအိစန္ဒာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၇/အတန(နိုင်)၀၇၁၅၅၉ ဖြစ်ပါကြောင်း။
**ဦးကျော်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/1002, Honda wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းငွေ ၁၂/ဒလန(နိုင်)၀၀၂၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၆၀၄၅၉၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လွင် ၆/ထဝန(နိုင်)၀၄၃၅၄၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဈယ/၉၀၂၇၊ Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သန်းဌေး ၆/ထဝန(နိုင်)၀၇၆၅၄၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/47784, Honda Wave NF 125M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၆/ထဝန(နိုင်)၀၀၂၇၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၈၂၂၈၉, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်း ၆/သရခ(နိုင်)၀၆၀၅၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-C)၊ စီးပွားဇုန်(လွန်ကန်)အကွက်၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ ၁၀ဒသမ ၀၀ ဧကရှိမြေကို ပုသိမ်မြက်တိုဓာတ်အားခွဲရုံ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအမည်ဖြင့် မြေလွဲမိန့် ခွင့်ပြုပေးပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပုသိမ်မြို့နယ်**


# ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့တွင် ထိုင်း အနိုင်ရပြီး စင်ကာပူနှင့် အင်ဒိုနီးရှား သရေကျ

ရန်ကုန် ဒီဇင်ဘာ ၂၄

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဒီဇင်ဘာ ၂၂၊ ၂၃ ရက်က ကျင်းပရာ ထိုင်းအသင်း အနိုင်ရပြီး အိမ်ရှင်စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

ဆီမီးဖိုင်နယ် ပထမအကျော့တွင် နာမည်ကြီး ထိုင်းအသင်းက လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အိမ်ရှင်စင်ကာပူနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့မှာမူ အခွင့်အရေးဆတူရှိနေပြီး အမှားနည်းသည့်အသင်းနှင့် အဆုံးသတ်သေချာသည့်အသင်းက ဗိုလ်လုပွဲတက်ရောက်ခွင့် ရသွားမည်ဖြစ်သည်။ အုပ်စုအဆင့်တွင် လက်ရှိချန်ပီယံ ဗီယက်နမ်ကို ကျော်ဖြတ်ပြီး အုပ်စုပထမရလာသည့် အင်ဒိုနီးရှားအသင်းသည် ဆီမီးဖိုင်နယ်တွင် စင်ကာပူကို ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဂိုးပြန်ပေးခဲ့ရသဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ ပထမအကျော့ရလဒ်အရ ထိုင်းအသင်းသည် နှစ်ဂိုးပြတ်အနိုင်ရထားသဖြင့် ဗိုလ်လုပွဲတက်ရန် အခြေအနေကောင်းနေပြီး ဗီယက်နမ်အသင်းမှာမူ ချန်ပီယံဆုကာကွယ်နိုင်ရန်အတွက် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ခက်ခက်ခဲခဲ ရုန်းကန်ဖွယ်ရှိနေသည်။

ဒုတိယအကျော့အဖြစ် ဒီဇင်ဘာ ၂၅ ရက် (ယနေ့) တွင် အင်ဒိုနီးရှားအသင်းနှင့် စင်ကာပူအသင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်


## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့မှ စက်ပစ္စည်းများဖြစ်သော (Air Conditioner (1.5hP) Split type (4)လုံး၊ CCTV System Specification (2) လုံး ဝယ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင်လုပ်ငန်း လိုင်စင်ရကုမ္ပဏီများထံမှ တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၂၁ရက် (ကြာသပတေးနေ့)
**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၂၁-၁-၂၀၂၂ရက် (သောကြာနေ့)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## မိဘအမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ဘန်းကချွန်ကျေးရွာ၊ အထက(ခွဲ) (စိုင်ဒင်း) ဒသမတန်းမှ မဇင်ဇင်သက်၏မိဘအမည်မှန်မှာ ဦးယဉ်ထွေး၊ ဒေါ်စိုးစိုးအေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၈-၅-၂၀၀၅ ဖြစ်ပါသည်။
**ဦးယဉ်ထွေး၊ ဒေါ်စိုးစိုးအေး**

## မွေးသက္ကရာဇ်အမှန်

ဦးသန်းဇော်၏သမီး မြိတ်မြို့၊ အထက(တောင်ရှည်)မှ အထက်တန်းပြ ဆရာမ ဒေါ်ပန်းဝေဝေသူ၏ မွေးသက္ကရာဇ်အမှန်မှာတက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ ၂၉-၇-၁၉၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ထနောင်းကုန်း အထက (ခွဲ) G-11 မှ မောင်အောင်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်လှိုင်(ခ) ဦးဇော်လှိုင်အောင် ၉/ရမသ(နိုင်) ၂၁၃၀၆၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ထနောင်းကုန်း အထက (ခွဲ) G-11 မှ မမို့မို့၏ ဖခင်အမည်မှန်မှာ ဦးမောင်(ခ)ဦးမောင်မောင် ၉/ရမသ(နိုင်)၀၄၅၂၅၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ထနောင်းကုန်း အထက (ခွဲ) G-11 မှ မအေးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးကျော်တိုး(ခ) ဦးကျော်တိုးအောင် ၉/ရမသ (နိုင်) ၁၂၄၃၄၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ထနောင်းကုန်း အထက (ခွဲ) G-11 မှ မောင်သက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်း(ခ)ဦးဝင်းသိန်း ၉/ရမသ(နိုင်)၁၄၆၀၉၈ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ဈေးပတ်လမ်း၊ အမှတ် ၁၃၆၉နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူလင်း ၁၂/ဗတထ(နိုင်)၀၂၆၈၈၇ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေသည် ဟံသာဝတီကောင်းခန့် ကုမ္ပဏီ၏ Managing Director (MD)ဖြစ်ပြီး ၎င်းကုမ္ပဏီ ၏ General Manager (GM)ဦးအောင်မျိုးဇင်(ဘ) ဦးသုခ ၇/လပတ(နိုင်)၀၀၁၉၁၂ သည် ၂-၁၂-၂၀၂၁ရက်မှစ၍ အလုပ်မှနုတ်ထွက်ပြီးဖြစ်၍ ဦးအောင်မျိုးဇင်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်သည် ဟံသာဝတီကောင်းခန့် ကုမ္ပဏီနှင့်ပတ်သက်မှု လုံးဝ (လုံးဝ) မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာနွယ်(LL.B,D.B.L,LQB,UK)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၂၃)**
**အမှတ် (၄/၄၇၉)၊ ဖိုးရာဇာလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၅၀၆၈၇၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံ့စက်ကွက်)၊ ဦးပိုင်အမှတ် (၂၂/က/၃)ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၂၂၀ ဧကအကျယ်ရှိမြေကွက်ကို ဦးစိုးမြင့်၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ခင်စိုးဝင်း၊ ဦးအောင်ကျော်စိုး၊ ဦးစိုးကျော်သူ၊ ဦးကျော်မိုးနှင့် ဒေါ်တင်မြင့်ကြည်တို့က အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ပူးတွဲဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် အဆိုပါစာချုပ်တွင် ပူးတွဲပိုင်ဆိုင်ခဲ့သူများမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်မိုးနှင့် ဒေါ်တင်မြင့်ကြည်တို့အား အပြီးအပိုင်စွန့်လွှတ်ကြောင်း ဝန်ခံကတိပြု စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးကျော်မိုးနှင့် ဒေါ်တင်မြင့်ကြည်တို့ နှစ်ဦးတည်းကသာ လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပါသဖြင့် သက်ဆိုင်ရာဌာနတွင် အမည်ပေါက်ပြောင်းလဲရန် လျှောက်ထားခြင်း(သို့မဟုတ်)အခြားတစ်စုံတစ်ရာ လျှောက်ထားခြင်းတို့ပြုလုပ်ရန် (သို့မဟုတ်)ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ခွဲဝေ၊ လဲလှယ်စသည်ဖြင့် တစ်နည်းနည်းလွှဲပြောင်းရန် ဆောင်ရွက်လိုပါသဖြင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူများ၊ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အထက်ပါဆောင်ရွက်ရန်ကိစ္စများ ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီး၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂)၊ မြေကွက် အမှတ်(၄၂၀/ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးအေးကို အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက် အနက်မှ တရားဝင် မခွဲစိတ်ရသေးသော ခြေရင်းခြမ်း (၂၀ပေ x၆၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံအဆိုပြုလာသူ အမည်ပေါက်ပိုင်ရှင် ဦးအေးကို ၁၂/သဃက(နိုင်)၀၈၂၃၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြဝေ ၁၂/ကမတ(နိုင်)၀၃၁၆၂၀ မှ ဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၀)**
**အမှတ် ၉၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့-ဟားခါးမြို့၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် (၆)လ ဘတ်ဂျက်တွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေမှ ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်အခြေခံပညာကျောင်း (၂)ကျောင်း၏ ကျောင်းဆောင်အဆောက်အအုံသစ်များ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၂၁ရက် (ရုံးချိန်)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၇-၁-၂၀၂၂ရက် (ရုံးချိန်)
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး ချင်းပြည်နယ်-ဟားခါးမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

ချင်းပြည်နယ်ပညာရေးမှူးရုံး-ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၀၁၈

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

## Request for Letter of Interest
## BAT Myanmar Limited

Plot No.55–56, Survey Ward No.14
Shwe Than Lwin Industrial Zone
Hlaing Tharyar Township Yangon,
Myanmar (the "Company")
Ref: Y21/BATMM/007
The Company request
the Letter of interest(LOI)
for the below Products

**We are looking for the certified valuator for the machine valuation process.**

If you are interested, please contact to the following person by email not later than 30th Dec 2021.

**BAT Myanmar Limited**

Plot No(55,56), Survey Ward No.(14), Hlaing Tharyar Township, Yangon, Myanmar

Attn: mya_hnin_ei_pwint@bat.com

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## လမ်းလုပ်ငန်းများအား
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လ) ဘဏ္ဍာရေးနှစ်အတွင်း အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လမ်းလုပ်ငန်း(၆)ခုအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၃-၁၂-၂၀၂၁ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်ရက်နှင့် အချိန်** - ၅-၁-၂၀၂၂ရက် မွန်းလွဲ(၁)နာရီ
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်နှင့် အချိန်** - ၆-၁-၂၀၂၂ရက် နံနက် ၉:၃၀နာရီမှ မွန်းလွဲ ၂နာရီ
(ဃ) **တင်ဒါ Lot(၁)စောင်ရောင်းဈေးနှုန်း** - ၁၀၀၀၀/-ကျပ်

၂။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၂-၄၀၃၆၁၇၁ လိုင်းခွဲ ၁၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### သထုံခရိုင်တရားရုံးတော်၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၄

(၁) ဦးဝင်းကြည် နှင့် ဒေါ်သန္တာထွန်း
(၂) ဒေါ်စန်းရီ
(၃) ဦးမောင်ကျော်
**တရားလိုများ** **တရားပြိုင်**

အထက်ပါအမှုတွင် တရားပြိုင်(အင်္ဂပိုကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်)နေ ဒေါ်သန္တာထွန်း (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားမအထွေထွေအမှုအမှတ် ၄/၂၀ တွင် ၃-၉-၂၀၂၀ ရက်စွဲအရ ထုတ်ပေးသော အမွေဆက်ခံခွင့် သက်သေခံလက်မှတ်အား ရုပ်သိမ်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက် (၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၄ ရက်) နံနက် ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိမ့်သိမ့်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သထုံခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂၆၆

ဒေါ်ထွန်းမစိန် နှင့် ဦးကြည်မောင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ်(၂၅)နေ တရားပြိုင်ဦးကြည်မောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၄ရက်(၁၃၈၃ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းစေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### မန္တလေးခရိုင်တရားရုံး၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၅၉၉

Capital Leader Company Limited နှင့် ဦးအေးမင်းထက်
(၎င်း၏ကိုယ်စား ဒေါ်စိုးယုကြည်)
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၇၈လမ်းနှင့် လမ်းသွယ်(၁)ကြား၊ မြဝတီမင်းကြီးလမ်း၊ အမှတ်(၈၁၉/ယ-၁)နေ တရားပြိုင် ဦးအေးမင်းထက် ၉/မဟမ(နိုင်)၀၁၂၂၃၄(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကုန်ဖိုးရရန်ရှိငွေကျပ် ၉၇၁၆၉၇၆/-တိတိနှင့် အထွေထွေ နစ်နာကြေးငွေကျပ် ၄၉၅၀၀၀/-တိတိအပါအဝင် အထူးလျော်ကြေးငွေကျပ် ၉၇၁၀၀၀/-တိတိ၊ စုစုပေါင်းငွေကျပ် ၁၁၁၈၂၉၇၆/-တိတိရလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၁ရက် (၁၃၈၃ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) နံနက် ၉:၃၀နာရီတွင် တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ခိုင်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

---

## ဦးထွန်းဇော်ဦးနှင့် အများသိစေရန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဗဟိုမစိုးရိမ်ရပ်၊ ရွှေချီအုပ်စု၊ ပဲလှော်လမ်း၊ ခြံအမှတ် ၁၂/၈၉ သည် ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်၊ ပျဉ်းမနားမြို့နေ (ဒေါ်တင်လှ)၊ ရန်ကုန်မြို့နေ (ဦးသိန်းဝင်း)မောင်နှမ (၃)ဦးတို့ ပိုင်ဆိုင်သော အမွေဆိုင်ဝိုင်းခြံအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်သဖြင့် ထိုခြံဝင်းအတွင်း နေထိုင်သော (ဒေါ်တင်လှ)၏ သားဖြစ်သူ ထွန်းဇော်ဦး(ခ)ထွန်းမင်းကျော် ၁၀ ရက်အတွင်း ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အမြန်ဆက်သွယ်ပါရန် ၁၀ ရက်ကျော်လွန်ပါက ၎င်းဝိုင်းခြံမြေအား ဥပဒေအတိုင်း အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်မြင့်မြင့်(ရန်ကုန်)**
**ဖုန်း-၀၉-၈၉၉၀၅၅၃၄၀**

---

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ်(၆၄၈)၊ မြေဧရိယာ (ပေ၄၀x ပေ၆၀) ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၆၄၈၊ ဗိုလ်ဥဿာလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် RC(၂)ထပ်တိုက် အဆောက်အအုံ(၁)လုံးအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝေဖြိုး၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်နော်သန်းခင်(ဘ)ဦးစောလစ်လေး ၁၄/ဟသတ(နိုင်)၀၀၇၅၇၆ အမှတ် ၁၆၊ အခန်း ၉၊ စံပြ ဖ.ဆ.ပ.လ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ် ၁၂၂၊ ၂ လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ် ၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁

Super Sun Bright Co.,Ltd နှင့် ၁။ Myanmar Kyaw Groups Construction Co.,Ltd
(၎င်း၏ကိုယ်စားမန်နေဂျင်း ဒါရိုက်တာဦးကူးမား) ၂။ ဦးတင့်နိုင်
၃။ ဦးတိုးတိုးဦး
**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ရန်မာန်လမ်း၊ မင်းကြီးဆွေရပ်ကွက်၊ အမှတ်(၄၄၁)နေ (၁)တရားပြိုင် Myanmar Kyaw Groups Construction Co.,Ltd သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်များထံ ပေးအပ်ထားသော ဘက်ထရီအိုးအဟောင်းများဝယ်ယူရန်အတွက် အာမခံစပေါ်ငွေကျပ်သိန်း ၂၈၀ နှင့် အထွေထွေ နစ်နာကြေးငွေကျပ်သိန်း ၇၀ (၂)နှစ်ရပ်ပေါင်း ငွေကျပ် ၃၅၀၀၀,၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက် (၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ ကျောက်မဲကြီး ကျေးရွာအုပ်စု၊ ကုန်းစုံကျေးရွာနေ ဦးချစ်သိန်း ၁၃/ကမန(နိုင်)၀၁၅၉၂၁ ၏သမီး မမိုမိုထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၃-၁၉၉၂ ဖြစ်ပါကြောင်း။

**မမိုမိုထွေး**

---

## ဖခင်နှင့် မိခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ အထက(ခွဲ)(အလက၃) Grade-7 မှ မဥမ္မာအေးနှင့် မဇယ်လန်တို့၏ ဖခင်နှင့်မိခင်အမည်မှန်မှာ ဦးမြင့်သောင်းနှင့် ဒေါ်လွမ်းညွှယ်ဖြစ်ပါကြောင်း။

**ဦးမြင့်သောင်း**

---

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ သစ်တပ်အုပ်စု၊ ရှားစေးဖိုကျေးရွာနေ မောင်ဝဏ္ဏကျော်၊ မောင်စိုင်းလင်းမောင်၊ မောင်ချစ်အောင်တို့၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်းထွန်း ၉/ဇယသ(နိုင်)၀၀၃၄၈၀ ဖြစ်ပါကြောင်း။

**ဦးစိုးဝင်းထွန်း**

---

## အမည်ပြောင်း

ဦးလှစိန်၏သမီး တာချီလိတ်မြို့၊ အထက(တာချီလိတ်)၊ စတုတ္ထတန်း(B) မှ မလင်းပြည့်ပြည့်အောင်အား မဆုပြည့်ဖြိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မဆုပြည့်ဖြိုး**

---

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

တာချီလိတ်မြို့၊ မိုင်းကိုးအုပ်စု၊ ရန်ရှင်း(၂)ကျေးရွာနေ ကျွန်မ ဒေါ်ဘူးတီး၏သား မောင်ဟန်နေလင်း ၁၃/တခလ(နိုင်)၀၉၅၅၁၀ သည် မိခင်၏ဆိုဆုံးမစကားကို မနာခံသည့်အပြင် မိခင်ဖြေရှင်းမပေးနိုင်သော ကိစ္စရပ်များကို လုပ်ဆောင်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဘူးတီး**
**၁၃/တခလ(နိုင်)၀၈၂၂၀၃**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/7932, SI THU Truck, L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစိုးဝင်း ၁၀/ခဆန(နိုင်) ၀၇၉၄၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/7778 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/1573, Ford Ranger, P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ဦး ၁၄/ဇလန(နိုင်) ၁၆၂၀၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၃)၊ အောင်သုခ(၂)လမ်း၊ မြေကွက်အမှတ်(၁၈၁၅/က)၊ မြေအကျယ်(၂၀x၆၀)ပေ (ဦးမောင်မောင်အမည်ပေါက်မြေချပါမစ်)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင်(ရေ၊ မီးစုံ)နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်နီ ၁၂/အစန(နိုင်)၀၃၈၇၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာဇာစိုး ၁၂/လသယ(နိုင်)၀၂၉၉၁၄မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထား များနှင့်တကွ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညီမာထွေး(စဉ်-၁၄၆၇၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၂၉၄၀၀၄**

---

## ဖခင်အမည်မှန်

လှည်းကူးမြို့၊ Unity Star ကိုယ်ပိုင်အထက်တန်းကျောင်း Grade II မှ မောင်ကျော်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးစတင်း ၇/ဒဥန(နိုင်) ၁၀၇၃၂၄ ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ခေတ်အေး Grade 6(A) မှ မောင်ဝေဖြိုး၏ ဖခင်ဦးသက်နိုင်ဦး (ခ)ဦးသန်းနိုင်ဦး ၉/တကန(နိုင်) ၁၅၇၆၂၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသက်နိုင်ဦး(ခ)ဦးသန်းနိုင်ဦး**

---

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ခေတ်အေး Grade 10(B) မှ မစန္ဒာဝင်း၏ ဖခင်ဦးဘိုဦး (ခ) ဦးသန်းနိုင်ဦး ၉/တကန(နိုင်) ၁၅၇၆၂၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘိုဦး(ခ)ဦးသန်းနိုင်ဦး**

---

## အမည်မှန်

သထုံမြို့၊ ဒုံဝန်းကျေးရွာ၊ အထကခွဲတွင် ပညာသင်ကြားနေသော မနန်းကြည်စင်ဖူးဖူး၏ အမည်မှန်မှာ နန်းကြယ်စင်ဖူးဖူး ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

သထုံမြို့၊ အထက ကြာပန်း Grade 5 မှ မစုမွန်နွေး၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၁၀/သထန(နိုင်)၂၈၁၂၄၂ ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

ဦးသူရိန်လွင်၏ သား၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အလက(ခွဲ) Grade 6 မှ မောင်အောင်မြင့်မြတ်အား မောင်အံ့ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

---

## အမည်မှန်

ခန္တီးမြို့၊ အထက(ခန္တီး)သတ္တမတန်းမှ ဦးဝင်းမြင့်သန်း၏ သား မောင်ထွဋ်ဘုန်းနိုင်၏ အမည်မှန်မှာ မောင်ဖွဲ့လွင်ထူးဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/5179, DAGON TAW WIN L/T (DR-8) ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျလင်း ၁၄/ပသန(နိုင်) ၀၀၅၁၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

## ပျောက်ဆုံးကြောင်း

ဦးအောင်မြင့်ဦး အမည်ပေါက် (သ/၄၁၀၀)ကားအပ်နံ့စလစ်၏ သံရည်ကျိုပုံစံ(ဃ) (စ)မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဆက်သွယ်ပေးပါရန်။

**ဦးအောင်မြင့်ဦး**
**ဖုန်း-၀၉-၂၀၀၇၂၅၃**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/4798 Toyota Mark II Jz x 110 S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၁၃/နခတ(နိုင်) ၁၁၇၉၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

---

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်ရန် သာတူညီမျှ ယှဉ်ပြိုင်နိုင်သောအခြေအနေကို ဖန်တီးပေးရန်လိုအပ်သကဲ့သို့ ဥပဒေနှင့်ညီညွတ်မှုရှိရန်ကိုလည်း အလေးထားရမည်

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး ဥပဒေချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ယနေ့ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသည် ပြည်ထောင်စုရွေးကောက်ပွဲ

*စာမျက်နှာ ၁၃ ကော်လံ ၁* ◆





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။





ဒီဇင်ဘာ ၂၂ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက်နှင့် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မုဒိတာအိမ်ရာ(၂) တိုက်(၂/အေ) တို့၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် ရွှေထည်ပစ္စည်းများကို တွေ့ရစဉ်။

## အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ် လုယက်မှု ဖြစ်စဉ်မှ တရားခံများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အင်းစိန်မြို့နယ် ဈေးကုန်းရပ်ကွက် လှိုင်မြစ်လမ်း အင်းစိန်ဈေးတွင် ဖွင့်လှစ်ထားရှိသော ကျုံစင်း အာမခံရွှေဆိုင်ပိုင်ရှင် **ဦးနှင်းဌေး** (၅၁) နှစ်သည် ဇနီး **ဒေါ်သူဇာအေး**(၄၅)နှစ်၊ သားဖြစ်သူ **မောင်မောင်သက်ခိုင်**(၉) နှစ်တို့နှင့်အတူ ၎င်း၏ ရွှေဆိုင်မှ နေအိမ်သို့ပြန်လာခဲ့ရာ အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားအလယ်သို့ ရောက်ရှိစဉ် YGN–5F/7939 Probox အဖြူရောင် အငှားယာဉ်သည် လမ်းကို ပိတ်ရပ်၍ ယာဉ်ပေါ်ပါ အမျိုးသားငါးဦးက **ဦးနှင်းဌေး** ပိုင်ဆိုင်သည့် ရွှေထည်ပစ္စည်း စုစုပေါင်း

*စာမျက်နှာ ၂၅ ကော်လံ ၁* ○

### ယနေ့ သ တင်း အ ညွှန်း

**KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရောက်ရှိစဉ် ရှေ့တိုက်ဒုံးဖြင့် အချိန်ကိုက်ပစ်ခတ်** — ပြည်တွင်းသတင်း စာ – ၂၃

**CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ရေးနှင့် မသက်ဆိုင်သော အရပ်ဘက်ပစ်မှတ်များအား ပစ်ခတ်** — ပြည်တွင်းသတင်း စာ – ၂၆

### ၂၄-၁၂-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၂၁၃ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၆ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၇၆ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၁၀၉ |